# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး
# စတုတ္ထနေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၅ |
| ၅ | ပြည်သူ့လွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မတီတွင် ကော်မတီအဖွဲ့ဝင် အစားထိုးလဲလှယ်ဖွဲ့စည်းခြင်း နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း | ၅ |
| ၆ | အမျိုးသားမှတ်ပုံတင်ကတ်၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားများနှင့် ကိုယ်ရေးအချက်အလက်မှတ်တမ်း ဖိုင်တွဲများအား လက်ရှိအသုံးပြုလျက်ရှိသော စနစ်မှ Digital စနစ်သို့ အမြန်ဆုံးပြောင်းလဲပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၆ |
| ၇ | မိုင်းပန်မြို့ရှိ မြို့နယ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအတွက် လေးခန်းတွဲနှစ်ထပ် (RC) သွပ်မိုး ဝန်ထမ်းအိမ်ရာတစ်လုံးအား ဌာနပိုင်မြေအတွင်း ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၃ |
| ၈ | တာမွေမြို့နယ်၊ နတ်မောက်ရပ်ကွက်ရှိ အလုပ်သမားဆေးရုံကြီး၏ ဆေးကုသဆောင်များအား အမိုးလုံခြုံစေရန်နှင့် လူနာနားနေဆောင်များ၊ ဟောင်းနွမ်းပျက်စီးနေသော ဝန်ထမ်းလိုင်းခန်းများအား အသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၅ |
| ၉ | သရက်မြို့နယ်အဆုံးရှိ ဆင်ကော်ကျေးရွာအုပ်စု၊ ဆင်ကော်ရဲစခန်းအား မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဂုဏ်အင်္ဂါရပ်နှင့် ညီညွတ်မှုမရှိခြင်း၊ လုံခြုံမှုမရှိခြင်းများကြောင့် အဆောက်အဦအသစ် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၈ |

| | | |
|---|---|---|
| ၁၀ | မိုင်းခတ်မြို့၊ မြို့မရဲစခန်း၏ လိုအပ်ချက်များဖြစ်သည့် ရဲတပ်သားနှင့် ဝန်ထမ်းမိသားစုများ နေထိုင်နိုင်သော အဆောင်၊ အရာရှိမိသားစု နေထိုင်ရန်အဆောင်တို့အား မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၀ |
| ၁၁ | ပန်းတောင်းမြို့နယ် အနီးတဝိုက် ဧရာဝတီမြစ်ကြောင်း အတွက် ရေကြောင်းရဲတပ်ဖွဲ့အား ပန်းတောင်း မြို့နယ်အခြေစိုက်အဖြစ် ဖွဲ့စည်းထားရှိရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၂ |
| ၁၂ | ဖလမ်းမြို့နယ်၊ သီးဆဲင်ကျေးရွာအုပ်စု၊ ဗားလုံ(ဝေဠုဝန်စခန်း)ကျေးရွာတွင် ရဲကင်း သို့မဟုတ် ရဲစခန်း ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၂၇ |
| ၁၃ | ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်က နိုင်ငံ၏အမျိုးသားစီးပွား ဖွံ့ဖြိုးတိုးတက်စေရန် တောင်သူဗဟိုပြု စိုက်ပျိုးရေးနှင့် အသားငါးထုတ်လုပ်ရေးကဏ္ဍကို နှစ်တို၊ နှစ်ရှည်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်း | ၂၉ |
| ၁၄ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး ပဥ္စမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၄၀ |

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# စတုတ္ထနေ့ အစီအစဉ်

# [ ၈-၅-၂၀၁၉ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ပြည်သူ့လွှတ်တော်၊ အမျိုးသမီးနှင့်ကလေးသူငယ် အခွင့်အရေးဆိုင်ရာကော်မတီတွင် ကော်မတီအဖွဲ့ဝင် အစားထိုး လဲလှယ် ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့်အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါ်ဖြူဖြူသင်း၊ မင်္ဂလာတောင်ညွန့် မဲဆန္ဒနယ်၏ **အမျိုးသား မှတ်ပုံတင်ကတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် ကိုယ်ရေး အချက်အလက်မှတ်တမ်းဖိုင်တွဲများအား လက်ရှိအသုံးပြုလျက် ရှိသော စနစ်မှ Digital စနစ်သို့ အမြန်ဆုံးပြောင်းလဲပြုလုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ခ) ဦးစိုင်းကျော်မိုး၊ မိုင်းပန် မဲဆန္ဒနယ်၏ **မိုင်းပန်မြို့ရှိ မြို့နယ်အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအတွက် (၄)ခန်းတွဲ နှစ်ထပ် (RC) သွပ်မိုး ဝန်ထမ်းအိမ်ရာ (၁)လုံးအား ဌာနပိုင်မြေအတွင်း ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးတိုးဝင်း၊ တာမွေ မဲဆန္ဒနယ်၏ **တာမွေမြို့နယ်၊ နတ်မောက်ရပ်ကွက်ရှိ အလုပ်သမားဆေးရုံကြီး၏ ဆေးကုသဆောင်များအား အမိုးလုံခြုံစေရန်နှင့် လူနာနားနေဆောင်များ၊ ဟောင်းနွမ်းပျက်စီးနေသော ဝန်ထမ်းလိုင်းခန်းများအား အသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးကံမြင့်၊ သရက် မဲဆန္ဒနယ်၏ **သရက်မြို့နယ်အဆုံးရှိ ဆင်ကော်ကျေးရွာအုပ်စု၊ ဆင်ကော်ရဲစခန်းအား မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဂုဏ်အင်္ဂါနှင့်ညီညွတ်မှုမရှိခြင်း၊ လုံခြုံမှုမရှိခြင်းများကြောင့် အဆောက်အဦအသစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးစဲကီကော်၊ မိုင်းခတ် မဲဆန္ဒနယ်၏ **မိုင်းခတ်မြို့၊ မြို့မရဲစခန်း၏ လိုအပ်ချက်များဖြစ်သည့် ရဲတပ်သားနှင့်ဝန်ထမ်းမိသားစုများ နေထိုင်နိုင်သော အဆောင်၊ အရာရှိမိသားစုနေထိုင်ရန် အဆောင်တို့အား မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဒေါ်ခင်နှင်းသစ်၊ ပန်းတောင်း မဲဆန္ဒနယ်၏ **ပန်းတောင်းမြို့နယ် အနီးတစ်ဝိုက် ဧရာဝတီမြစ်ကြောင်းအတွက် ရေကြောင်းရဲတပ်ဖွဲ့အား ပန်းတောင်းမြို့နယ် အခြေစိုက်အဖြစ် ဖွဲ့စည်းထားရှိရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဒေါက်တာဆလိုင်းရီယန်းဇဲလ်၊ ဖလမ်း မဲဆန္ဒနယ်၏ **ဖလမ်းမြို့နယ်၊ သီးဆဲင်အုပ်စု၊ ဗားလုံ (ဝေဠုဝန်စခန်း) ကျေးရွာတွင် ရဲကင်း သို့မဟုတ် ရဲစခန်းဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၇။ ဦးတင်ထွေး၊ ဝေါ မဲဆန္ဒနယ်က **"နိုင်ငံ၏ အမျိုးသားစီးပွား ဖွံ့ဖြိုးတိုးတက်စေရန် တောင်သူဗဟိုပြု စိုက်ပျိုးရေးနှင့် အသားငါးထုတ်လုပ်ရေးကဏ္ဍကို နှစ်တို၊ နှစ်ရှည်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စု အစိုးရသို့ တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၈။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၉။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်း နှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း၊

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ပဥ္စမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# စတုတ္ထနေ့မှတ်တမ်း

**၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်**

**(၂၀၁၉ ခုနှစ်၊ မေလ ၈ ရက်)**

**(ဗုဒ္ဓဟူးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျာ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိသည့်အနက် ၃၇၀ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၅.၄၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။ ယနေ့ ၂၀၁၉ ခုနှစ်၊ မေလ ၈ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး အောင်မြေသာစံမဲဆန္ဒနယ်က ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၇၀ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၅၇ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) သံတွဲမဲဆန္ဒနယ်မှ ဦးမင်းကြည် ခွင့် ၁ ရက်၊

(၂) ကိုကိုးကျွန်းမဲဆန္ဒနယ်မှ သူရဦးသက်ဆွေ ခွင့် ၁ ရက်၊

(၃) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်ကျော်စန်းလင်း ခွင့် ၁ ရက်၊

(၄) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်ထွန်းမြတ်ရွှေ ခွင့် ၁ ရက်၊
(၅) ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်း ခွင့် ၁ ရက်၊
(၆) ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည် ခွင့် ၁ ရက်၊
(၇) စဥ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ကြည်မို့မို့လွင် ခွင့် ၁ ရက်၊
(၈) ညောင်ဦးမဲဆန္ဒနယ်မှ ဦးစော ခွင့် ၃ ရက်၊
(၉) ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင် ခွင့် ၃ ရက်၊
(၁၀) ချမ်းအေးသာစံမဲဆန္ဒနယ်မှ ဦးမျိုးနိုင် ခွင့် ၁ ရက်၊
(၁၁) ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင် ခွင့် ၁ ရက်၊
(၁၂) တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း ခွင့် ၁ ရက်၊
(၁၃) ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင် ခွင့် ၁ ရက်၊
(၁၄) ဖာပွန်မဲဆန္ဒနယ်မှ ဦးထွန်းမြအောင်(ခ)ဦးစောထွန်းမြအောင် ခွင့် ၂ ရက်၊
(၁၅) ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သက်သက်ခိုင် ခွင့် ၃ ရက်၊
(၁၆) နန်းယွန်းမဲဆန္ဒနယ်မှ ဦးဝမ်းလှ ခွင့် ၃ ရက်၊
(၁၇) လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဌေး ခွင့် ၃ ရက်၊
(၁၈) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးမင်းနောင် ခွင့် ၃ ရက်၊
(၁၉) မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း ခွင့် ၃ ရက်၊
(၂၀) ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်မောင် ခွင့် ၂ ရက်၊
(၂၁) မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်း ခွင့် ၂ ရက်၊
(၂၂) သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင် ခွင့် ၁ ရက်၊
(၂၃) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်၊
(၂၄) ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး ခွင့် ၁ ရက်၊
(၂၅) လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းဥက္ကာ ခွင့် ၂ ရက်၊
(၂၆) ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင် ခွင့် ၁ ရက်၊
(၂၇) ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေ ခွင့် ၁ ရက်၊
(၂၈) လောင်းလုံးမဲဆန္ဒနယ်မှ ဒေါ်ခင်စန္ဒီ ခွင့် ၂ ရက်၊
(၂၉) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၁ ရက်၊

(၃၀)  မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၃ ရက်၊

(၃၁)  မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် ခွင့် ၃ ရက်၊

(၃၂)  မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း ခွင့် ၃ ရက်၊

(၃၃)  မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော ခွင့် ၃ ရက်၊

(၃၄)  ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် ခွင့် ၁၀ ရက်၊

(၃၅)  စဥ့်ကူးမဲဆန္ဒနယ်မှ ဒေါက်တာဇော်ဝင်းမြင့် ခွင့် ၁ ရက်၊

(၃၆)  ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် ခွင့် ၁ ရက်၊

(၃၇)  ပေါက်ခေါင်းမဲဆန္ဒနယ်မှ ဒေါ်နီနီဒွန်း ခွင့် ၁ ရက်၊

(၃၈)  ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော ခွင့် ၁ ရက်၊

(၃၉)  ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးဌေးမင်းသိန်း ခွင့် ၁ ရက်၊

(၄၀)  ဆော့လော်မဲဆန္ဒနယ်မှ ဦးလာမာလေး ခွင့် ၃ ရက်၊

(၄၁)  ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောတင်ဝင်း ခွင့် ၂ ရက်၊

(၄၂)  တွန်းဇံမဲဆန္ဒနယ်မှ ဦးခမ်ခန့်ထန် ခွင့် ၁ ရက်၊

(၄၃)  တနိုင်းမဲဆန္ဒနယ်မှ ဦးလင်းလင်းဦး ခွင့် ၃ ရက်၊

(၄၄)  ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးလဂန်ဇယ်ဂျုံး ခွင့် ၃ ရက်၊

(၄၅)  ဒီးမော့ဆိုမဲဆန္ဒနယ်မှ ဦးပေါလ်ဆိုင်း ခွင့် ၃ ရက်၊

(၄၆)  အိမ်မဲမဲဆန္ဒနယ်မှ ဒေါ်သန္တာ ခွင့် ၂ ရက်၊

(၄၇)  မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ခွင့် ၁ ရက်၊

(၄၈)  အုတ်ဖိုမဲဆန္ဒနယ်မှ ဦးဇော်မင်း ခွင့် ၁ ရက်၊

(၄၉)  ပဲခူးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ရွှေပုံ ခွင့် ၁ ရက်၊

(၅၀)  သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင် ခွင့် ၁ ရက်၊

(၅၁)  ရွာငံမဲဆန္ဒနယ်မှ ဦးအောင်စိုးမင်း ခွင့် ၁ ရက်၊

(၅၂)  မလှိုင်မဲဆန္ဒနယ်မှ ဦးလှထွန်းအောင် ခွင့် ၁ ရက်၊

(၅၃)  တီးတိန်မဲဆန္ဒနယ်မှ ဦးကျင့်ရှင်းထန် ခွင့် ၃ ရက်၊

(၅၄)  မိုးကောင်းမဲဆန္ဒနယ်မှ ဦးဝင်းနိုင် ခွင့် ၂ ရက်၊

(၅၅)  ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဌေးဝင်း ခွင့် ၁ ရက်၊

(၅၆)  တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့် ခွင့် ၂ ရက်နှင့်

(၅၇)  တနသ်ာရီမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဟိန်း ခွင့် ၃ ရက်တို့ဖြစ်ပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၆ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၅၇ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၆၃ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၆ ဦး၊ ယနေ့ခွင့်ပြုထားသူ ၅၇ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၆၃ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ပြည်သူ့လွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာကော်မတီတွင် ကော်မတီအဖွဲ့ဝင် အစားထိုးလဲလှယ်ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ကဖွဲ့စည်းထားသော အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီမှ အဖွဲ့ဝင် ဗိုလ်မှူးကြီးမြင့်ချိုအစား ဗိုလ်မှူးကြီးဝင်းလွင်ဦးအား အစားထိုး လဲလှယ်ဖွဲ့စည်းမှာဖြစ်ပါ

တယ်။ တင်ပြခဲ့တဲ့ကော်မတီအဖွဲ့ဝင် အစားထိုးလဲလှယ်ဖွဲ့စည်းခြင်းကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ကော်မတီအဖွဲ့ဝင် အစားထိုးလဲလှယ်ဖွဲ့စည်းခြင်းကို အတည်ပြုကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**အမျိုးသားမှတ်ပုံတင်ကတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် ကိုယ်ရေးအချက်အလက်မှတ်တမ်းဖိုင်တွဲများအား လက်ရှိအသုံးပြုလျက်ရှိသော စနစ်မှ Digital စနစ်သို့ အမြန်ဆုံးပြောင်းလဲပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ဖြူဖြူသင်း(မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်)။** ။ အားလုံးပဲမင်္ဂလာပါ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မအနေနဲ့ အမျိုးသားမှတ်ပုံတင်ကတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများနဲ့ ကိုယ်ရေးအချက်အလက်များ၊ မှတ်တမ်းဖိုင်တွဲများအား လက်ရှိအသုံးပြုလျက်ရှိသော စနစ်မှ Digital စနစ်သို့ အမြန်ဆုံးပြောင်းလဲပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပေးပါရှင်။ ကျွန်မ ဒီမေးခွန်းကိုမေးမြန်းရတဲ့ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံမှာရှိနေတဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြား စစ်ဆေးထုတ်ပေးတဲ့လုပ်ငန်းစဉ်များအနေဖြင့် နိုင်ငံသားပြည်သူများအတွက် နှစ်ပေါင်းများစွာခက်ခဲကြန့်ကြာမှုများ ကြုံတွေ့နေရပါတယ်။ နိုင်ငံရဲ့ စီးပွားရေး၊ ကျန်းမာရေးနဲ့ လူမှုရေးစစ်တမ်းများ၊ ရွေးကောက်ပွဲဆိုင်ရာအချက်အလက်များကောက်ခံရာမှာ မှန်ကန်တိကျမှုနည်းပါးလျက်ရှိတာကို တွေ့ရပြီးတော့ သက်ဆိုင်ရာဌာနများအနေနဲ့ နိုင်ငံသားပြည်သူလူထုရဲ့ကိုယ်ရေးအချက်အလက်ဖိုင်များသိမ်းဆည်းရာမှာ ခေတ်စနစ်နဲ့ညီညွတ်မှုမရှိသောကြောင့် အချက်အလက်များပျက်စီးပျောက်ဆုံးမှုများလည်း တွေ့နေရတာဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်၊ နာဂစ်မုန်တိုင်းဖြစ်ပွားခံစားခဲ့ရတဲ့ ဧရာဝတီတိုင်းဒေသကြီးမှပြည်သူများဟာ ယနေ့အချိန်ထိ

မှတ်ပုံတင်မရှိတာကို တွေ့ရှိနေရပါတယ်။ အဲဒီအချိန်တုန်းက ကလေးသူငယ်တွေဖြစ်တဲ့ ကိုးနှစ်၊ ၁၀ နှစ်အရွယ်တွေဟာ ဒီနေ့ဒီအချိန်ဆိုလို့ရှိရင် လုပ်ငန်းလုပ်ကိုင်ခွင့်အနေအထားမှာရှိနေပေမဲ့လည်း အခုဆိုလို့ရှိရင် မှတ်ပုံတင်မရှိတဲ့အတွက် တောင်ဒဂုံစက်မှုဇုန်၊ လှိုင်သာယာစက်မှုဇုန် အစရှိသဖြင့် နေရာတွေမှာ အလုပ်အကိုင်၊ အခွင့်အလမ်းအတွက် အခက်အခဲတွေဖြစ်နေတာကိုလည်း တွေ့မြင်နေရပါတယ်။ တိုင်းရင်းသားဒေသတွေ၊ မငြိမ်းချမ်းတဲ့စစ်ဘေးရှောင်ပြည်သူများ မှတ်ပုံတင်မရရှိတာကိုလည်း တွေ့နေရပါတယ်။ အဲဒီမှတ်ပုံတင်မရရှိတဲ့အတွက် မဲပေးပိုင်ခွင့်တွေ၊ ခရီးသွားလာခွင့်တွေ၊ အခုပြောင်းလဲလာတဲ့ Bank စနစ်တွေမှာ သူတို့ဟာရပိုင်ခွင့်မရှိဘဲနဲ့ လူ့အခွင့်အရေးဆုံးရှုံးနစ်နာလျက်ရှိနေတာကိုလည်း တွေ့ရပါတယ်။ အဂတိလိုက်စားမှုတွေဖြစ်ပေါ်စေခြင်းနဲ့ တရားဥပဒေစိုးမိုးမှုကိုလည်း ထိခိုက်စေပါတယ်။ စာရွက်စာတမ်းတွေနဲ့လုပ်ကိုင်ဆောင်ရွက်နေရခြင်းကြောင့် ပြည်သူတွေဟာ အခက်အခဲပေါင်းများစွာနဲ့ရင်ဆိုင်နေရတာကိုလည်း တွေ့နေရပါတယ်။ နိုင်ငံအတွင်းမှာရှိတဲ့လူဦးရေစာရင်းအတိအကျကလည်း မရရှိနိုင်ပါဘူး။ နိုင်ငံရဲ့စီးပွားရေးတိုးတက်မှုနှုန်း(GDB)တွက်ချက်ခြင်းနဲ့ လူမှုရေးစစ်တမ်းများထုတ်ပြန်ရာတွင်လည်း အခက်အခဲတွေဖြစ်ပေါ်စေနိုင်ပါတယ်။ ဒီ Data တွေစနစ်တကျမရှိတဲ့အတွက်ကြောင့် ပါတီစုံရွေးကောက်ပွဲများနဲ့အခါအားလျော်စွာကျင်းပတဲ့ ရွေးကောက်ပွဲများမှာ ကုန်ကျစရိတ်များတွက်ချက်တဲ့အခါမှာ တိကျမှန်ကန်တဲ့လူဦးရေစာရင်းတွေ မရရှိဘူး။ စရိတ်တွေလည်း ကုန်ကျစရိတ်တွေများတာကို တွေ့ရပါတယ်။ Digital စနစ်ကို အသုံးပြုနိုင်ခြင်းမရှိတဲ့အတွက်ကြောင့် မှတ်တမ်းအချက်အလက်တွေသိမ်းဆည်းရာမှာလည်း စာရွက်စာတမ်းများဖြင့်သာ မှတ်တမ်းများသိမ်းဆည်းရတဲ့အတွက်ကြောင့် အခြေခံအချက်အလက်များ ပျက်စီးဆုံးရှုံးနေတာကိုလည်း တွေ့ရပါတယ်။ တစ်ခုစဉ်းစားရမှာကတော့ နောက်ပိုင်း Single Mother တွေကနေပြီးတော့ မွေးဖွားလာတဲ့ကလေးငယ်များနဲ့ ရင်ခွင်မဲ့ကလေးငယ်များရဲ့ နိုင်ငံသားဖြစ်မှုအခက်အခဲများကိုလည်း တွေ့မြင်ရမှာဖြစ်ပါတယ်။ ဒါကတော့ မှတ်ပုံတင်လုပ်တဲ့အတွက် မင်္ဂလာတောင်ညွန့်မြို့နယ်မှာရှိနေတဲ့ ပစ္စည်းတွေသိုလှောင်ထားတာပါ။ အခန်းအသစ်ကိုပြောင်းလိုက်တယ်။ နှစ်ခန်းရှိတာပါ။ ဒါပေမဲ့ ပစ္စည်းတွေချည်းပဲ အခန်းထဲပြည့်နေပြီးတော့ အလုပ်လုပ်ဖို့စားပွဲတစ်နေရာရဖို့အတွက်ကို အခက်အခဲဖြစ်နေတဲ့ပုံပါ။ ဒါကတော့ စာရွက်စာတမ်းတွေပျက်စီးနေတာပါ။ ဒီစာရွက်စာတမ်းတွေပျက်စီးနေတာဆိုလို့ရှိရင် နှစ်ပေါင်းများစွာသိမ်းဆည်းထားတဲ့အတွက် ဆွေးမြည့်ပြီးပျက်စီးသွားတာရှိသလို၊ ခြတွေ၊ ရာသီဥတုဒဏ်တွေကြောင့် ပျက်စီးသွားတာရှိပါတယ်။ ကျွန်မတို့မှာ ဒီ Plan တွေ၊ Data တွေနဲ့ ပတ်သက်ပြီးတော့ Save ထားတဲ့ Data ဘာမှမရှိတဲ့အတွက် ပြည်သူတွေသာ နစ်နာဆုံးရှုံးမှုတွေ၊

မှတ်ပုံတင်ကတ်ပျက်စီးပျောက်ဆုံးသွားလို့ရှိရင် နစ်နာဆုံးရှုံးမှုတွေနဲ့ရင်ဆိုင်နေရပါတယ်။ ဒါကတော့ စာရွက်စာတမ်းတွေကြောင့် အဂတိလိုက်စားမှုကိုဖြစ်ပေါ်နေတာပါ။ လူတစ်ယောက်ထဲမှာ မှတ်ပုံတင်လေးခုလောက်ကိုင်ဆောင်ပြီး ဒုစရိုက်မှုတွေကျူးလွန်နေပေမဲ့ တကယ့်တကယ် ကျွန်မတို့ မင်္ဂလာတောင်ညွန့်မြို့နယ်မှာ အသက်အရွယ်ကြီးမြင့်ပြီး ကွယ်လွန်သွားချိန်အထိ မှတ်ပုံတင်မရှိတဲ့ဟာတွေလည်းတွေ့ရပါတယ်။ အခုဆိုလို့ရှိရင်၊ ပြည်သူတွေဟာဆိုလို့ရှိရင် ကားလိုင်စင်တွေ သွားလျှောက်တယ်။ Passport တွေသွားလုပ်တဲ့အခါမှာဆိုလို့ရှိရင်လည်း မှတ်ပုံတင်ရှိရဲ့သားနဲ့လည်း မှတ်ပုံတင် တစ်ယောက်ကထုတ်သွားပြီးဖြစ်တဲ့အတွက်၊ Reject လုပ်တာခံနေရတဲ့အတွက် ပြည်သူတွေဟာ မှတ်ပုံတင်ရှိပေမဲ့လည်း လူ့အခွင့်အရေးတွေဆုံးရှုံးနေတာတွေ တွေ့မြင်နေရတာဖြစ်ပါတယ်။ ဒါကတော့ ကျွန်မတို့ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ အစရှိသဖြင့်နိုင်ငံတွေက နေပြီးတော့ စနစ်တွေနဲ့ ID Card တွေလုပ်ထားတဲ့ပုံစံပါ။ ဒါတွေဟာဆိုလို့ရှိရင် ပျက်စီးပျောက်ဆုံးသွားပေမဲ့လည်း ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မတို့ ဒီ Data တွေ၊ အချက်အလက်တွေရနိုင်တဲ့အတွက်ကြောင့် မို့လို့ ဒီမေးခွန်းဟာ နိုင်ငံအတွက် အလွန်ပဲအရေးကြီးပါတယ်။ အစိုးရအတွက်ရော၊ ပြည်သူလူထုအတွက်ရော အခက်အခဲတွေအများကြီးဖြစ်ပေါ်နေတဲ့အတွက် ဒီမေးခွန်းကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှ တစ်ဆင့်မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာကြတဲ့ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဖြူဖြူသင်းရဲ့မေးခွန်းနဲ့ပတ်သက်ပြီးတော့မှ ဖြေကြားသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ အစိုးရအဖွဲ့အသစ်အနေနဲ့ နိုင်ငံတော်မူဝါဒအဖြစ် အစိုးရအဖွဲ့သစ်တာဝန်ယူပြီးတဲ့ကာလမှာ စီးပွားရေးရာမူဝါဒ(၁၂)ရပ် ချမှတ်ခဲ့ပါတယ်။ အဲဒီမူဝါဒမှာ Data ID Card System,

Digital Government Strategy e- Government ကို ဆောင်ရွက်သွားရန်ဆိုပြီးတော့မှ အချက်တစ်ချက်ပါပါတယ်။ ကျွန်တော်တင်ပြချင်တဲ့အချက်ကတော့ ကျွန်တော်တို့အစိုးရအနေနဲ့ စတင်တာဝန်ယူထမ်းဆောင်တဲ့အချိန်ကစပြီးတော့မှ e- Government System နဲ့ Digital Government Strategy နဲ့သွားဖို့ ဆုံးဖြတ်ထားပြီး ဖြစ်ပါတယ်။ အဲဒီအတိုင်းပဲ ကျွန်တော်တို့ ရည်မှန်းချက်ထားပြီးတော့မှ ဆောင်ရွက်ခဲ့ပါတယ်။ အလားတူပဲ နိုင်ငံသားစိစစ်ရေးကတ်ပြားများကိုလည်းပဲ နိုင်ငံတကာအဆင့်မီတဲ့ Smart Card ပြောင်းလဲထုတ်ပေးနိုင်ရေးကိစ္စကိုလည်း ကနဦးလေ့လာမှုအစီအစဉ်များဆောင်ရွက်ခဲ့ပါတယ်။ ဆောင်ရွက်တဲ့ကာလကတော့ ၂၀၁၆ ခုနှစ် မေလကစပြီးတော့မှ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီမှာ Digital စနစ်နဲ့ နိုင်ငံသားမှတ်ပုံတင်ခြင်းလုပ်ငန်းဆောင်ရွက်ဖို့လေ့လာတာ၊ ဆွေးနွေးတာ၊ Seminar ဆောင်ရွက်တာတွေ ဆောင်ရွက်ခဲ့ပါတယ်။ စုစုပေါင်းကမ္ဘာ့ဘဏ်အပါအဝင် အဖွဲ့အစည်း ၅၁ ခုကနေမှ ၇၈ ကြိမ်ထိ ကျွန်တော်တို့ဆွေးနွေးဖြစ်ပါတယ်။ Seminar လည်းပဲ လေးကြိမ်ဆောင်ရွက်ပြီးဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရရဲ့လမ်းညွှန်ချက်နှင့်အညီ Electronic စနစ်နဲ့ မှတ်ပုံတင်ခြင်းလုပ်ငန်းဆောင်ရွက်ရာမှာ တွေ့ကြုံနိုင်တဲ့အခက်အခဲတွေ၊ ကြာမြင့်တဲ့အချိန်တွေ သိဖို့ကိုလည်း စမ်းသပ်ဆောင်ရွက်ခြင်းများကိုလည်း ပြည်ထောင်စုနယ်မြေ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ်တို့မှာ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလက စတင်ဆောင်ရွက်ခဲ့ပါတယ်။ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးခွဲများတွင်လည်း Digital စနစ်နဲ့ စာရင်းကောက်ယူခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။ အလားတူပဲ ပြည်ပအလုပ်သမားလက်မှတ်ထုတ်ပေးရေးရုံးတွေမှာလည်းပဲ ကောက်ယူခဲ့ပါတယ်။ ထိုင်းနိုင်ငံမှာရှိတဲ့ CI ထုတ်ပေးရေးစခန်းမှာလည်းပဲ Biometric Data၊ Biographic Data များကောက်ယူခဲ့တာတွေ ဆောင်ရွက်ခဲ့ပါတယ်။ အဲဒါကလည်း Digital Government ကိုသွားနိုင်ဖို့၊ Digital ID Card ကိုသွားနိုင်ဖို့ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ယခုအချိန် ထိ Biometric Data နဲ့ Biographic Data များကောက်ယူတဲ့အခါမှာ စုစုပေါင်း ၁.၃ သန်း ကျွန်တော်တို့ဆီမှာ အချက်အလက်ရယူပြီးဖြစ်ပါတယ်။ အဲဒီအတွက်ကို ကျွန်တော်တို့က နည်းပညာကိုအသုံးပြုပြီးတော့မှ နိုင်ငံသား၊ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြခဲ့တဲ့ စက္ကူကတ်ကနေမှ Smart Card အဖြစ် ပြောင်းလဲနိုင်ဖို့အတွက်ကို နိုင်ငံအတွင်းမှာ နေထိုင်ခဲ့တဲ့ လူအားလုံးရဲ့တစ်ဦးချင်းစီမှာ ကိုယ်ရေးအချက်အလက် Biometric Data နဲ့ Biographic Data တွေကို သိမ်းဆည်းပြီးတော့မှ လူတစ်ဦးချင်းစီကို Unit ID နံပါတ်ထုတ်ပေးဖို့ ကျွန်တော်စီစဉ်ဆောင်ရွက်နေပါတယ်။ Data Base မှာ မှတ်ပုံတင်ထိန်းသိမ်းခြင်းကိုလည်း ပထမအဆင့်နဲ့ ဆောင်ရွက်

သွားမှာဖြစ်ပြီးတော့မှ နိုင်ငံသားစိစစ်ခြင်းလုပ်ငန်းနဲ့ Digital စနစ် ပြောင်းလဲပြီးတော့မှ Smart Card ထုတ်ပေးခြင်းလုပ်ငန်းကိုလည်းပဲ မရှေးမနှောင်းမီမှပဲ ဒုတိယအနေနဲ့ ဆက်လက်ဆောင်ရွက်သွားဖို့ ကျွန်တော်တို့လျာထားပြီး စီမံချက်ရေးဆွဲထားပါတယ်။ တခြားအဖွဲ့အစည်းများလည်း ချိတ်ဆက်ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ e-Government ဦးဆုံး ကော်မတီရဲ့လမ်းညွှန်ချက်အရလည်းပဲ e-Government စနစ်အကောင်အထည်ဖော် အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက်ကို e-ID လုပ်ငန်းမှာအရေးကြီးတယ်။ Digital ပြောင်းလဲရေးလုပ်ငန်းဟာ အရေးကြီးတယ်ဆိုပြီးတော့မှ ဦးစားပေးအဆင့်သတ်မှတ်ထားပါတယ်။ အဲဒီအတွက်ကို e-ID လုပ်ငန်း ကော်မတီကို ကျွန်တော် ဦးစီးတဲ့အဖွဲ့ဝင် ၂၈ ဦးနဲ့ ဝန်ကြီးဌာနအသီးသီးက ဖွဲ့စည်းပြီးဖြစ်ပါတယ်။ ဆပ်ကော်မတီ ခြောက်ခုကိုလည်း ဖွဲ့စည်းပြီးဖြစ်ပါတယ်။ အလားတူပဲ e-ID စနစ်အကောင်အထည် ဖော်ဆောင်ရွက်နိုင်ဖို့ကို နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနဲ့ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စုအဆင့် ဦးဆောင် ကြီးကြပ်မှုလုပ်ငန်းကော်မတီများလည်း ဖွဲ့စည်းပြီးဖြစ်ပါတယ်။ ဆက်လက်ဆောင်ရွက်ရမယ့် ToR ခေါ်တဲ့ Term of Reference ကိုလည်း ကျွန်တော်တို့ အကြမ်းဖျဉ်းရေးဆွဲထားပြီးဖြစ်ပါတယ်။ နိုင်ငံတကာပညာရှင်များထံမှ ငွေရေးကြေးရေးနဲ့နည်းပညာများ အထောက်အပံ့ရယူပြီးတော့မှ၊ ဆက်လက်ပြီးတော့မှ ကိုယ်စားလှယ်တော်ကြီး တင်ပြတဲ့ Digital Base တည်ထောင်ပြီးတော့မှ Digital စနစ်ကိုအကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့၊ Smart Card ဆောင်ရွက်နိုင်ဖို့ ကျွန်တော်တို့အနေနဲ့ တစ်စိုက်မတ်မတ် ဆောင်ရွက်လျက်ရှိပါကြောင်းနဲ့ ထိုက်သင့်တဲ့၊ သင့်တော်တဲ့အချိန်များမှာလည်းပဲ လွှတ်တော်ကိုယ်စားလှယ်ကြီးများနဲ့ ပြည်သူများကို ဦးစားပေးအလိုက် ကျွန်တော်တို့ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ အလားတူပါပဲ ကျွန်တော်တို့မှာရှိတဲ့ဖိုင်တွဲများ၊ အထောက်အထားစာရွက်စာတမ်းများကလည်းပဲ ယခင်တုန်းကာလတည်းက စက္ကူနည်းစနစ်နဲ့ မှတ်တမ်းမှတ်ရာများပေးရတဲ့အတွက် ပျက်စီးတာတွေ၊ ဆုံးရှုံးတာတွေ၊ မလိုလားအပ်တဲ့ ပြဿနာတွေဖြစ်ပွားတာတွေ ဖြစ်နေပါတယ်။ အဲဒါကိုလည်းပဲ ကျွန်တော်တို့ စီမံချက်ရေးဆွဲချမှတ်ပြီးတော့မှ Digital စနစ်ပြောင်းလဲနိုင်ဖို့အတွက်ကို စတင်ဆောင်ရွက်နိုင်ပြီဖြစ်ပါတယ်။ စီမံချက်ရေးဆွဲထားပြီးဖြစ်ပါတယ်။ ဒီအတွက်ကို နည်းပညာနဲ့ ငွေကြေးလိုအပ်တာဖြစ်တဲ့အတွက် ဝန်ကြီးဌာနအနေနဲ့ စီမံချက်ရေးဆွဲပြီးတော့မှ ကျွန်တော်တို့ရဲ့ဘတ်ဂျက်မှာ ထည့်သွင်းတောင်းခံပြီးတော့မှ မှတ်တမ်းမှတ်ရာများကိုလည်းပဲ Digital စနစ်သို့ ပြောင်းလဲသွားနိုင်ရေးအတွက်

ဦးစားပေးလုပ်ငန်းအဖြစ် ဆက်လက်ဆောင်ရွက်နေပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ မိုက်ပေးပါ။

**ဒေါ်ဖြူဖြူသင်း(မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်)။** ။ ဥက္ကဋ္ဌကြီးရှင့်။ ဆက်စပ်မေးခွန်းမေးခွင့်ပြုပါ။ ကျွန်မအနေနဲ့ Digital စနစ်ကိုသွားဖို့အတွက်ကို ဘတ်ဂျက်တွေချပေးရမယ်။ လိုအပ်ချက်တွေရှိနေတာကို ကျွန်မတို့သိပါတယ်။ ဒါကိုလည်း စနစ်တကျ ဝန်ကြီးဌာနအနေနဲ့လုပ်ကိုင်ဆောင်ရွက်နေရတာကိုသိရှိရတဲ့အတွက်လည်း ကျေးဇူးအထူးပဲတင်ပါတယ်။ ဒါပေမဲ့ အခုလက်ရှိ ပြည်သူတွေခံစားနေရတဲ့ပြဿနာတွေရှိပါတယ်။ အဲဒါကဘာလဲဆိုလို့ရှိရင် တိုင်းရင်းသားဒေသတွေမှာ ဖြစ်နေတဲ့ ID Card တွေမှာ မှတ်ပုံတင်မရတဲ့ပြဿနာတွေ၊ နောက်တစ်ခုကကျ ကျွန်မတို့ ခုနက နိုင်ငံသားဖြစ်တယ် မှတ်ပုံတင်မရှိတဲ့အတွက် အလုပ်အကိုင်၊ အခွင့်အလမ်းတွေ ဆုံးရှုံးနေတာတွေ၊ နောက်တစ်ချက်ကကျတော့ ကျွန်မတို့ မှတ်ပုံတင် နှစ်ကတ်ဖြစ်နေတဲ့၊ သုံးကတ်ဖြစ်နေတဲ့အတွက် အမှန်တကယ်ဘာမှန်းမသိဘဲနဲ့ Reject လုပ်ခံနေရတဲ့ပြည်သူတွေရဲ့နစ်နာမှုတွေ အများကြီးရှိပါတယ်။ နောက်တစ်ချက်က ကျွန်မပြောချင်တာကတော့ ဝန်ကြီးဌာနအနေနဲ့ ညွှန်ကြားချက်ပေးတာတွေရှိပါတယ်။ တစ်နေရာထဲမှာပဲ တစ်ခါတည်း One Stop ဖြစ်ဖို့အတွက်ဆိုပြီးတော့ ညွှန်ကြားချက်တွေလည်းရှိပါတယ်။ ဒါပေမဲ့ လတ်တလောမှာ အဲဒီလိုဖြစ်မနေပါဘူး။ ကျွန်မတို့လွှတ်ပါတယ်။ ဥပမာအားဖြင့် ကရင်ပြည်နယ်ဆို ကရင်ပြည်နယ်ကို ပြည်သူတွေ ဒီနေ့ဒီချိန်ထိ သွားနေရဆဲပဲဖြစ်ပါတယ်။ ကျွန်မဆီမှာလည်း ဒီဖိုင်တွေလည်းပါပါတယ်။ ဆိုတော့ အဲဒီလိုကိစ္စမျိုးတွေကို ကျွန်မတို့ ဒီ Digital စနစ်ကိုမသွားခင်စပ်ကြားမှာ ဝန်ကြီးဌာနအနေနဲ့ ဘယ်လိုဖြေရှင်းပေးမလဲဆိုတာကို သိချင်တဲ့အတွက် ဆက်စပ်မေးခွန်း မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဝန်ကြီးဌာနက ဖြေကြားပေးရန်ဖြစ်ပါတယ်။

**ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့တိုင်းရင်းသားဒေသတွေမှာရှိတဲ့ ITB စခန်းတွေမှာရှိတဲ့ တိုင်းရင်းသားပြည်သူများအတွက်လည်း သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်မှာရှိတဲ့ ကျွန်တော်တို့ဦးစီးဌာနနဲ့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့ပူးပေါင်းပြီးတော့မှ အထူးစီမံကိန်းများချမှတ်ပြီးတော့ ဆောင်ရွက်နေပါတယ်။ အထူးသဖြင့်

မြစ်ကြီးနားမှာရှိတဲ့ ITB စခန်းမှာရှိတဲ့ စစ်ဘေးရှောင်ပြည်သူများကိုလည်းပဲ အားလုံးနီးပါးထုတ်ပေး ထားပြီးဖြစ်ပါတယ်။ ခြွင်းချက်အနေနဲ့ကတော့ ကျန်ကောင်းကျန်ပါမယ်။ ဒါလည်း ဆက်လက်ပြီးမှ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြခဲ့တဲ့ မှတ်ပုံတင်နှစ်ကတ် ဖြစ်နေတာတွေ ရှိပါတယ်။ အဲဒီအခါမှာ ပြန်လည်ပြီးတော့မှ အခက်အခဲကိုတင်ပြမယ်ဆိုရင် တင်ပြချက် ပေါ်မူတည်ပြီးမှ ဖြေရှင်းသွားမှာဖြစ်ပါတယ်။ အထူးအားဖြင့် ကျွန်တော်တို့က သွေးနှောတွေကို စိစစ် ရတဲ့အခါမှာ သက်ဆိုင်ရာမျိုးရိုးစဉ်ဆက်ဇယားကို စိစစ်ရတဲ့အတွက် အနည်းငယ်တော့အချိန်ယူပါ တယ်။ သို့ရာတွင် လိုအပ်တာထက်အချိန်မကြန့်ကြာဖို့ကိစ္စကို Case တစ်ခုချင်းအလိုက် ဦးစားပေးပြီး တော့ဆောင်ရွက်နေပါတယ်။ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီးဆွေးနွေးပြောဆိုတဲ့ ပြည်သူများရဲ့ အခက်အခဲဖြေရှင်းရေးကိစ္စကို နိုင်ငံတော်အကြီးအကဲများကလည်းပဲ မပျက်လမ်းညွှန်နေပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီးမှ ကျွန်တော်တို့ အထူးစီမံချက်များချမှတ်ပြီးတော့မှ ဆောင်ရွက်နေပါတယ်။ ဒါကိုလည်းပဲ ကျွန်တော်တို့ဌာနအနေနဲ့ ဦးစားပေးလုပ်ငန်းအနေနဲ့ဆောင်ရွက်နေပါတယ်။ ထူးခြားတဲ့ ဖြစ်စဉ်များ၊ Case များရှိရင်လည်းပဲ လွှတ်တော်ကိုယ်စားလှယ်ကြီးများမှတစ်ဆင့် ကျွန်တော်တို့ကို အကြောင်းကြားနိုင်ပါတယ်။ ကျွန်တော်တို့ဌာနအနေနဲ့တော့ သက်ဆိုင်ရာအမျိုးသားမှတ်ပုံတင်ကတ် တွေ၊ ကိုယ်ရေးအချက်အလက်တွေ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတွေကို ဥပဒေနှင့်အညီရရှိနိုင်ဖို့ အတွက်ကို အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ အလားတူပဲ ကျွန်တော်တို့ဝန်ထမ်းများရဲ့ မသင့် မလျော်ဆောင်ရွက်ချက်များ၊ နှောင့်နှေးကြန့်ကြာအောင်ဆောင်ရွက်ချက်များရှိရင်လည်းပဲ ကျွန်တော် တို့က ဥပဒေနှင့်အညီ အရေးယူသွားဖို့ အဆင်သင့်ရှိနေပါတယ်။ အလားတူပဲ One Stop နဲ့လုပ်ပေး မယ်ဆိုသော်လည်းပဲ အခက်အခဲရှိတဲ့ကိစ္စများကိုလည်းပဲ ဘာကြောင့်ကြန့်ကြာတယ်ဆိုတာ ကျွန်တော်တို့ ရှင်းပြဖို့အသင့်ရှိပါတယ်။ ကျွန်တော် အဓိကပြောချင်တဲ့အချက်ကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီး ဆွေးနွေးတဲ့အချက်ကို ကျွန်တော်လက်ခံပါတယ်။ ဝန်ကြီးဌာနအနေနဲ့လည်းပဲ ဒီကိစ္စတွေကို ဦးစား ပေးဆောင်ရွက်နေပါတယ်။ ဆက်လက်ပြီးတော့မှ ပြည်သူများအတွက်ကိုလည်းပဲ ဆက်လက်ပြီးတော့မှ ပူးပေါင်းဆောင်ရွက်သွားပါမယ်လို့ ကျွန်တော့်အနေနဲ့ အလေးထားပြီးမှ ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မိုင်းပန်မြို့ရှိ မြို့နယ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအတွက် လေးခန်းတွဲနှစ်ထပ် (RC) သွပ်မိုး ဝန်ထမ်းအိမ်ရာတစ်လုံးအား ဌာနပိုင်မြေအတွင်း ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းကျော်မိုး(မိုင်းပန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းပန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်မိုး ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့တင်ပြမယ့် မေးခွန်းကတော့ မိုင်းပန်မြို့မှာရှိတဲ့ မြို့နယ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှာရှိတဲ့ တာဝန်ထမ်းဆောင်လျက်ရှိတဲ့ နိုင်ငံ့ဝန်ထမ်းများရဲ့ နေအိမ်ကို ယခုဘဏ္ဍာရေးနှစ်အတွင်း ထည့်သွင်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းပန်မြို့နယ်ဟာ ဝေးလံပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့၊ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျတဲ့ အစွန်အဖျားဒေသမှာ တည်ရှိတဲ့မြို့တစ်မြို့ဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၂၇-၇-၁၉၇၂ ခုနှစ် ရက်စွဲပါအမိန့်အရ မြို့နယ်အဖြစ် ဖွဲ့စည်းခွင့်ရရှိခဲ့တဲ့ မြို့တစ်မြို့လည်းဖြစ်ပါတယ်။ မြို့နယ်တစ်ခုလုံးဧရိယာ ၉၅၀ စတုရန်းမိုင်ကျယ်ဝန်းပြီးတော့ တိုင်းရင်းသားအများစုနေထိုင်ကြပါတယ်။ မြို့နယ်ကို ယခင်က လက်နက်ကိုင်အဖွဲ့အစည်းများလှုပ်ရှားမှုရှိခဲ့တဲ့ဒေသဖြစ်တဲ့အတွက် ငြိမ်းချမ်းရေးကိုအပြည့်အဝ မခံစားရတဲ့ မြို့လည်းဖြစ်ပြီးတော့ ဖွံ့ဖြိုးတိုးတက်မှုလည်းနောက်ကျကျန်ရစ်ခဲ့ပါတယ်။ နှစ်စဉ် မြို့နယ်အတွင်းမှာ ဒေသခံတိုင်းရင်းသားတို့ဟာ တစ်ဖက်နိုင်ငံကို သွားရောက်အလုပ်လုပ်ကိုင်ကြခြင်းများ မကြာခဏသွားလာမှုများရှိခဲ့ကြပါတယ်။ မိမိတို့မြို့နယ်မှာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးရုံးကို ၁၉၆၅ ခုနှစ်မှာ စတင်ဖွင့်လှစ်ခဲ့ပြီး ရုံးကို ဌာနပိုင်မြေဧရိယာအကျယ်အဝန်း ၀.၂၃၉ ဧက ပေါ်မှာ အလျား ၆၀ ပေ၊ အနံ ၄၈ ပေ တစ်ထပ် RC သွပ်မိုးအဆောက်အဦကို ၂၀၁၀ ခုနှစ်မှာ ဆောက်လုပ်ပြီးစီးခဲ့ပါတယ်။

ယခုအခါ မြို့နယ်ဦးစီးမှူးအပါအဝင် ရုံးဝန်ထမ်း ၈ ဦးခန့်ထားရှိပြီးတော့ အိမ်ထောင်သည် ဝန်ထမ်းမိသားစု ၆ စုရှိသော်လည်း ဌာနမှ နေထိုင်စရာအဆောက်အဦများ ဆောက်လုပ်ပေးထားခြင်း မရှိတဲ့အတွက် ပြင်ပမှာငှားရမ်းနေထိုင်ကြပြီး ဝန်ထမ်းများမှာ စရိတ်များစွာ ကုန်ကျလျက်ရှိပြီး လွန်စွာ အခက်အခဲဖြစ်ပေါ်လျက်ရှိပါတယ်။ လက်ရှိ ရုံးအဆောက်အဦပါ မြေဧရိယာ ဝ.၂၃၉ ဧကပေါ်မှာ ထပ်မံ၍ အဆောက်အဦဆောက်မည်ဆိုပါက မြေလွတ်ဧရိယာအကျယ်အဝန်း အလျား ၇၈ ပေ၊ အနံ ၈ဝ ပေကျန်ရှိခဲ့ပါတယ်။ သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနကို မေးမြန်းလိုသည်မှာ မိုင်းပန်မြို့မှာနေထိုင်မှု ခက်ခဲလျက်ရှိတဲ့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဝန်ထမ်းများအတွက် လေးခန်းတွဲနှစ်ထပ် RC သွပ်မိုး ဝန်ထမ်းအိမ်ရာတစ်လုံးကို ဌာနပိုင်မြေအတွင်း ဆောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် မရှိပါက မည်သည့်အတွက်ကြောင့် ခွင့်ပြုခြင်းမရှိသည်ကို ဌာနဝန်ထမ်းများကိုယ်စား လေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ မိုင်းပန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်မိုးရဲ့ မေးခွန်းနှင့် ပတ်သက်ပြီးတော့မှ ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ရှေးဦးစွာ ဦးစိုင်းကျော်မိုးအနေနဲ့ ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာဆောက်လုပ်ပေးရေးကိစ္စကို တင်ပြတဲ့အတွက် အထူးပဲ ကျေးဇူးတင်ပါတယ်လို့ ပထမဆုံးပြောကြားလိုပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ဌာနပိုင် ရုံးဖွင့်လှစ်နိုင်ခြင်းမရှိသေးတဲ့ရုံးတွေ၊ အိုမင်းဟောင်းနွမ်းနေပြီဖြစ်တဲ့ ဌာနပိုင်ရုံးအဆောက်အဦတွေနှင့် မှတ်တမ်းခန်းတွေ၊ ဝန်ထမ်းအိမ်ရာတွေကိုလည်းပဲ ပြုပြင်တာတွေ၊ အသစ်ပြန်လည်ဆောက်လုပ် ရေးအတွက်ကို ဆန္ဒရှိပါတယ်။ နှစ်စဉ်လည်းပဲ ဦးစားပေးအလိုက် လျာထားချက်တွေ တင်ပြတောင်းခံ နေပါတယ်။

သို့ရာတွင် ခွဲဝေချထားရရှိတဲ့ဘတ်ဂျက်ကန့်သတ်ချက်အရ ဦးစားပေးပြီးတော့မှ ဦးစားပေး အလိုက် ဆောင်ရွက်နေရပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့အခါမှာလည်းပဲ မှတ်တမ်းခန်းတွေ၊ ရုံးတွေကို ဦးစားပေးပြီးတော့မှ ဒုတိယအဆင့်ကျမှ ဝန်ထမ်းအိမ်ရာအဆောက်အဦတွေကို ဦးစားပေးရတာ ဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ ခုန လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားသလိုပဲ ကျွန်တော်တို့ မှတ်တမ်းခန်းတွေဟာ နည်းနည်းလေးအခြေအနေဆိုးနေတာတွေ ရှိပါတယ်။ ရုံးတွေလည်းပဲ ငှားနေရတဲ့ရုံးတွေလည်းပဲရှိပါတယ်။ မည်သို့ပင်ဖြစ်စေ ကျွန်တော်တို့ ဌာနအနေနဲ့ကတော့ ဘတ်ဂျက် ခွင့်ပြုလို့ရှိရင် တစ်နိုင်ငံလုံးမှာရှိတဲ့ရုံးတွေ၊ ဝန်ထမ်းအိမ်ရာတွေကို အသစ်ပြုပြင်ဆောက်လုပ်ပေးချင် ပါတယ်။ လာမယ့်ဘဏ္ဍာရေးနှစ်မှာလည်းပဲ ဌာနအနေနဲ့ ဌာနပိုင်ရုံး ဖွင့်လှစ်နိုင်ခြင်း မရှိတဲ့ရုံးတွေ၊ ငှားနေရတဲ့ရုံးတွေ၊ အိုမင်းဟောင်းနွမ်းနေပြီဖြစ်သော ပြုပြင်ဖို့ရုံးတွေနဲ့ ဝန်ထမ်းအိမ်ရာတွေကို အသစ် ပြန်လည်တည်ဆောက်နိုင်ရေးအတွက် လျာထားငွေကို တင်ပြတောင်းခံသွားမှာဖြစ်ပါတယ်။ ခွင့်ပြု ရန်ပုံငွေရတယ်ဆိုရင်တော့ ဦးစားပေးအစဉ်အလိုက် ဆောင်ရွက်ပေးသွားပါမယ်လို့ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**တာမွေမြို့နယ်၊ နတ်မောက်ရပ်ကွက်ရှိ အလုပ်သမားဆေးရုံကြီး၏ ဆေးကုသဆောင်များအား အမိုးလုံခြုံစေရန်နှင့် လူနာနားနေဆောင်များ၊ ဟောင်းနွမ်းပျက်စီးနေသော ဝန်ထမ်းလိုင်းခန်းများအား အသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တာမွေမဲဆန္ဒနယ်မှ ဦးတိုးဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတိုးဝင်း(တာမွေမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ကိုယ်စားလှယ်တော်ကြီးများ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ယနေ့မေးမြန်း မယ့်မေးခွန်းကတော့ ကျွန်တော်တို့ တာမွေမြို့နယ်၊ နတ်မောက်ရပ်ကွက်မှာတည်ရှိတဲ့ အလုပ်သမား ဆေးရုံကြီးနဲ့ပတ်သက်တဲ့ မေးခွန်းဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point သုံးခွင့်ပြုပါ။ ဒါဟာဆိုလို့ရှိရင် ဝန်ထမ်းအိမ်ရာ နှစ်ထပ်သစ်သားဆောင်များ ကာလ ရှည်လျားစွာကြာမြင့်တဲ့အတွက် ပျက်စီးပြီးတော့ ဘေးမှာသွပ်ပြားများနဲ့ ဖြစ်သလိုကာရံထားပြီး ဆွေးမြည့်နေတဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ အဲဒီဝန်ထမ်းအိမ်ရာတွေရဲ့အရှေ့ဘက်မှာ အခြေတွေပြတ်ပြီး တော့မှ လူနေထိုင်လို့မရတော့တဲ့အခန်းတွေ၊ နေရာတွေလည်းဖြစ်ပါတယ်။ ဒါကတော့ အထွေထွေ လုပ်သား ခြောက်ခန်းတွဲအိမ်ရာအခြေအနေမှာ အမိုးတွေကအစ ကိုယ်ထူကိုယ်ထ တာလပတ်တွေနဲ့ မိုးပြီးတော့ နေရပါတယ်။ ဒါကတော့ အဲဒီခြောက်ခန်းတွဲတွေရဲ့ အတွင်းခန်းတွေမှာ ကြယ်မြင်၊ လမြင်၊

ရေဝင်၊ လေဝင်အခြေအနေများကို တွေ့ရပါတယ်။ ဒါကတော့ သူနာပြုများနေထိုင်ရာ အဆောင်မျက်နှာစာဖြစ်ပြီးတော့ အဲဒီမျက်နှာစာရဲ့ Sunshade အမိုးဟာ ဆွေးမြည့်နေတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ သစ်သားနဲ့ထောက်ခံထားရပြီးတော့ Sunshade အမိုးအန္တရာယ်ရှိ၍ အဝင်/အထွက်များသတိပြုပါဆိုတဲ့ စာပါကပ်ထားရပြီးတော့ အဲဒီအဆောက်အဦရဲ့အနောက်ဘက်မှာ လူထွက်ပေါက်ရှိသော်လည်းပဲ ဟောင်းနွမ်းပျက်စီးနေတဲ့ မိလ္လာပိုက်တွေရဲ့ မိလ္လာရေလျှံပြီးတော့မှ အနံ့အသက်များနဲ့ ဆိုးရွားစွာနေထိုင်နေရတဲ့ ဝန်ထမ်းတွေရဲ့အနေအထားဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ လူမှုဖူလုံရေးရန်ပုံငွေများနဲ့ နိုင်ငံတော်ကနေထုတ်ပေးတဲ့ရန်ပုံငွေများ နှစ်ခုပေါင်းပြီးတော့မှ ဝန်ထမ်းများနဲ့ အလုပ်သမားများအတွက်ကို ဆောင်ရွက်ပေးနေတဲ့ Human Resources အရမ်းအရေးကြီးတဲ့ လူသားအရင်းအမြစ်တွေကို ကာကွယ်စောင့်ရှောက်ပေးနေတာကိုလည်း ကျွန်တော်တို့သိပါတယ်။ သို့သော် အဲဒီနေရာမှာ လိုအပ်နေတဲ့ ဝန်ထမ်းတွေရဲ့ အဆောက်အဦတွေကလည်းပဲ ပိုပြီးတော့အရေးကြီးပါတယ်။ သူတို့တွေ စိတ်ချမ်းမြေ့စွာနဲ့ Duty တွေထမ်းဆောင်နိုင်မှ ကျွန်တော်တို့ အလုပ်သမားတွေကို ရှင်ရှင်ပျပျနဲ့ ကာကွယ်ပေးနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ဒီအိမ်ရာများကို ဘယ်လိုဆောင်ရွက်ပေးပြီး ဆောက်ပေးမလဲဆိုတာလည်း သိချင်ပါတယ်။ နောက်တစ်ခု ကျွန်တော်တို့ အလုပ်သမားဆေးရုံကြီးအနေနဲ့က တာမွေမြို့နယ်မှာရှိတဲ့ အလုပ်သမားဆေးရုံကြီးဟာ တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့တိုင်း ပြင်ပလူနာများ နေ့စဉ် ၂၀၀ ကျော်ပြသကြပြီးတော့ ကိုယ်ဝန်ဆောင်မိခင်များ ၁၀၀ ကျော်ပြသနေတဲ့ ဆေးရုံကြီးလည်းဖြစ်ပါတယ်။ ဆေးရုံတက်တဲ့ လူနာတွေဟာ နေ့စဉ် ၈၀ နီးပါးရှိပြီး အဲဒီဆေးရုံကြီးရဲ့ ခွဲစိတ်ခန်းတွေ၊ ခေါင်မိုးတွေဟာလည်းပဲ အမိုးတွေယိုနေတယ်လို့ သိရပါတယ်။ ဒါကြောင့်မို့လို့ ဒီကိစ္စများကို အမြန်ဆုံး ဝန်ကြီးဌာနအနေနဲ့ ပြုပြင်ဆောင်ရွက်နိုင်ဖို့နဲ့ ပြင်ပလူနာတွေရဲ့ Toilet သွားတဲ့ကိစ္စများဟာလည်းပဲ အရေးတကြီးလိုအပ်နေတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုမျိုး အသစ်ပြန်လည်ဆောက်လုပ်ခြင်းနဲ့ ဝန်ထမ်းအိမ်ရာများအပြင် ပြင်ပလူနာတွေရဲ့နားနေဆောင်တွေ၊ ပြင်ပလူနာတွေရဲ့ ကျန်းမာရေးအရ Toilet တွေကိုပါ ဆောက်ပေးဖို့အတွက်ကို ကျွန်တော်တို့တွေ့ရှိခဲ့ရပါတယ်။ ဒါကြောင့်မို့လို့ ဒီအခြေအနေအပေါ်မှာ ဝန်ကြီးဌာနအနေနဲ့ မည်ကဲ့သို့ဖြေရှင်းကူညီဆောင်ရွက်ပေးမယ်ဆိုတာကို သိရှိလိုပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတိုးဝင်းရဲ့မေးခွန်းကို ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။ တာမွေ-နတ်မောက်လမ်းမှာရှိတဲ့ အလုပ်သမားဆေးရုံကြီးရဲ့ ပျက်စီးနေမှုများကို ကျွန်တော်တို့ သိရှိထားပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ ကော်မတီများနဲ့ စစ်ဆေးပြီးတော့မှ ပြုပြင်ဖို့လည်း စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ အာမခံအလုပ်သမားများ အမိုးလုံခြုံမှုရှိစေဖို့အတွက်ကိုလည်းပဲ ပျက်စီးနေတဲ့ ဆေးကုသဆောင် အမိုးအချို့ကို ကျွန်တော်တို့ ပြီးခဲ့တဲ့ဘဏ္ဍာရေးနှစ်မှာလည်းပဲ ပြင်ဆင်ပေးခဲ့ပါတယ်။ ယခုဆေးကုဆောင်ရဲ့ ပျက်စီးနေတဲ့ ခေါင်မိုးကိုလည်းပဲ ယခုဘဏ္ဍာရေးနှစ်အတွင်းမှာ အချိန်မီ ပြုပြင်နိုင်ဖို့အတွက်ကို တင်ဒါခေါ်ယူနေပါတယ်။ ကုမ္ပဏီရွေးချယ်နေပါတယ်။ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အလားတူပဲ OPD လူနာများအတွက် လူနာနားနေဆောင်(၂၅ ပေ x ပေ ၅၀)ကိုလည်းပဲ တိုးချဲ့ဆောက်လုပ်ထားပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ OPD သို့ လာရောက်ပြသတဲ့လူနာများအတွက်လည်း ယာယီခြောက်ခန်းတွဲ သန့်စင်ခန်းများဆောက်လုပ်ဖို့ ကျွန်တော်တို့ စီစဉ်နေပြီဖြစ်ပါတယ်။ အမြန်ဆုံးဆောက်လုပ်ပေးသွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့ ဝန်ထမ်းလိုင်းခန်းများကိုလည်းပဲ လာမယ့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ဖြိုဖျက်ပြီးတော့မှ RC ခြောက်ခန်းတွဲ(၅)ထပ် ဝန်ထမ်းအိမ်ရာတစ်လုံး တည်ဆောက်ပေးဖို့ ကျွန်တော်တို့ ၂၀၁၉-၂၀၂၀ ဘတ်ဂျက်မှာ လျာထားတောင်းခံထားပြီးဖြစ်ပါတယ်။ ဒီဘတ်ဂျက်လည်းပဲ မဖြတ်တောက်ဘဲနဲ့ ခွင့်ပြုပေးဖို့ လွှတ်တော်ကိုယ်စားလှယ်ကြီးများကို ကျွန်တော် ပန်ကြားလိုပါတယ်။ ဘတ်ဂျက်ခွင့်ပြုပေးမယ်ဆိုရင်တော့ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့ ဝန်ထမ်းလိုင်းခန်းများကို ကျွန်တော် RC ခြောက်ခန်းတွဲ (၅)ထပ် ဝန်ထမ်းအိမ်ရာကို ဆောက်လုပ်ပေးသွားမှာဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။ သရက်မဲဆန္ဒနယ်မှ ဦးကံမြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**သရက်မြို့နယ်အဆုံးရှိ ဆင်ကော်ကျေးရွာအုပ်စု၊ ဆင်ကော်ရဲစခန်းအား မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဂုဏ်အင်္ဂါရပ်နှင့် ညီညွတ်မှုမရှိခြင်း၊ လုံခြုံမှုမရှိခြင်းများကြောင့် အဆောက်အဦအသစ် ဆောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သရက်မဲဆန္ဒနယ်မှ ဦးကံမြင့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကံမြင့်(သရက်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ သရက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကံမြင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သရက်မြို့နယ် ဆင်ကော်ကျေးရွာအုပ်စု၊ ဆင်ကော်ကျေးရွာရဲစခန်းအား ရဲစခန်းအသစ်တည်ဆောက်ပေးပါရန် တင်ပြအပ်ပါတယ်။ ၎င်းဆင်ကော်ကျေးရွာဟာ သရက်မြို့ရဲ့အနောက်တောင်ဘက်တွင် တည်ရှိပြီး သွားလာရန်ခက်ခဲသော ကျေးရွာတစ်ရွာဖြစ်ပါတယ်။ မိုးတွင်းသွားလာရန်ခက်ခဲသော ကျေးရွာဖြစ်တဲ့အပြင် ရဲစခန်းမှာလည်း ရာသီဥတုသုံးပါးစလုံးနှင့် တပ်ဖွဲ့ဝင်များနေရေးအတွက် လုံခြုံမှုမရှိခြင်းနှင့် အခက်အခဲများစွာ ကြုံတွေ့နေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အား ကျေးဇူးပြု၍ Power Point ဖြင့် တင်ပြခွင့်ပြုပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ ၎င်းဆင်ကော်ကျေးရွာ ရဲစခန်းမြေနေရာဟာ ဦးပိုင်အမှတ်(၁၃၉) ကွင်းအမှတ်-၁ ဖြစ်ပြီး ၄.၁၆ ဧက ကျယ်ဝန်းကြောင်းသိရှိရပါတယ်။ စခန်းက ၁၉၅၉ ခုနှစ်မှ စတင်၍ စခန်းရုံး၊ အချုပ်ခန်းတို့အား သက်ကယ်မိုး၊ ပျဉ်ကာ၍ ငွေကျပ် ၇၅၀၀ ဖြင့်တည်ဆောက်ခဲ့ပါတယ်။ ၁၉၇၆ ခုနှစ်မှာ ပုံစံတူ ရဲတပ်သားလေးခန်းတွဲနှစ်အိမ်အား သက်ကယ်မိုး၊ ထရံကာတို့ဖြင့် ငွေကျပ် ၇၀၀၀ နှင့် တည်ဆောက်ခဲ့ပါတယ်။ အခုချိန်မှာ ပျက်စီးမှုအား ဖျက်စီးခွင့်တင်ပြ၍ ဖျက်စီးခွင့်ပြုပြီးကြောင်းလည်း သိရပါတယ်။ အဲဒီဖျက်စီးထားသော ပျဉ်တို၊ ပျဉ်စများဖြင့် အဆောက်အဦတစ်ခု ဆောက်လုပ်ထားပါတယ်။ အဲဒီအဆောက်အဦမှာလည်း အခုပျက်စီးစပြုနေပါပြီ။ နှစ်ယူနစ်လို့ခေါ်တဲ့ အိပ်ခန်းတွဲလည်း ကိုယ်ထူကိုယ်ထပြန်လည်ဆောက်လုပ်ထားခြင်းဖြစ်ပါတယ်။ ယခင်က ဆောက်လုပ်ခဲ့သော လက်ငုတ်အဆောက်အဦများမှာလည်း မရှိတော့ပါဘူး။ ဒါကြောင့် Power Point မှာတွေ့မြင်ရသလို မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ ဂုဏ်အင်္ဂါနှင့်ညီညွတ်စေဖို့၊ လုံခြုံမှုရှိစေဖို့၊ လုပ်ငန်းများလုပ်ကိုင်ရန်နှင့် နေထိုင်ရေးများ၌ များစွာအခက်အခဲရှိပါသဖြင့် ဒေသခံပြည်သူ့ရဲတပ်ဖွဲ့ဝင်များရဲ့ကိုယ်စား တိုက်နယ်ရဲစခန်းအဆောက်အဦအသစ်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်သူ(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာနက ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ သရက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကံမြင့်ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ် ရဲတပ်ဖွဲ့မှာ သရက်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ သရက်မြို့မရဲစခန်း၊ ဆင်ကော်နယ်မြေရဲစခန်း၊ ဘော်နယ်မြေရဲစခန်း၊ ရေမျက်ရဲကင်းစခန်းတို့ ရှိပါတယ်။ ဆင်ကော်နယ်မြေရဲစခန်းဝင်းဟာ ဆင်ကော်ကျေးရွာဦးပိုင်အမှတ်(၁၃၉) မြေဧရိယာ ၄.၀၆ ဧကပေါ်မှာတည်ရှိပါတယ်။ ဆင်ကော်နယ်မြေရဲစခန်းမှာ အရာရှိနှစ်ဦး၊ အခြားအဆင့် ကိုးဦး စုစုပေါင်း ၁၁ ဦး၊ အိမ်ထောင်သည် ၁၀ ဦး၊ လူပျိုတစ်ဦးတို့ဖြင့် လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ ဆင်ကော်နယ်မြေရဲစခန်းဝင်းအတွင်း အဆောက်အဦးများမှာ ရဲစခန်းရုံးတစ်လုံး၊ လုံးချင်းနှစ်လုံး၊ နှစ်ခန်းတွဲတစ်ထပ် တစ်လုံး စုစုပေါင်း အဆောက်အဦလေးလုံး၊ လူနေအခန်း လေးခန်းရှိပါတယ်။ လူနေအဆောက်အဦ သုံးလုံးနှင့် လုံးချင်းတစ်လုံးနှင့် နှစ်ခန်းတွဲတစ်ထပ်တစ်လုံးတို့မှာ ပြုပြင်ရန်မလိုအပ်တဲ့ အဆောက်အဦများဖြစ်၍ ကျန်လုံးချင်းတစ်လုံးမှာပြုပြင်ရန် လိုအပ်တဲ့အဆောက်အဦဖြစ်ပါတယ်။

ဆင်ကော်နယ်မြေရဲစခန်းရှိ အိမ်ထောင်သည် ၁၀ ဦးအနက် လေးဦးမှာ စခန်းရုံးမှာတစ်ဦး၊ လူနေလိုင်းခန်းသုံးခန်းမှာ သုံးဦးနေထိုင်လျက်ရှိပြီး ကျန်အိမ်ထောင်သည် ခြောက်ဦးနှင့်လူပျိုတစ်ဦးမှာ ဒေသခံများဖြစ်၍ ပြင်ပရှိမိဘဆွေမျိုးများထံ နေထိုင်လျက်ရှိပါတယ်။ အဆိုပါပြုပြင်ရန်လိုအပ်တဲ့ လုံးချင်းအဆောက်အဦတစ်လုံးအား ပြန်လည်ပြုပြင်ရန်အတွက် တွက်ချက်မှုစာရင်းတောင်းခံ၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ပြင်ဆင်ထိန်းသိမ်းရေးစရိတ်ရန်ပုံငွေမှ ပြင်ဆင်သွားမှာဖြစ်ပါတယ်။ ပြင်ပရှိမိဘဆွေမျိုး များထံ နေထိုင်လျက်ရှိတဲ့ တပ်ဖွဲ့ဝင်များနှင့် ဖွဲ့စည်းပုံအရ အင်အားဖြည့်တင်းပြီး တပ်ဖွဲ့ဝင်များ နေထိုင်နိုင်ရေးအတွက် ခြောက်ခန်းတွဲနှစ်ထပ်တစ်လုံး ဆောက်လုပ်ပေးရန်လိုအပ်လျက်ရှိတဲ့အပြင် ရဲစခန်းရုံးတစ်ရုံးမှာလည်း နှစ်ကာလကြာမြင့်၍ ဟောင်းနွမ်းပြီး အမြင်တင့်တယ်မှုမရှိတဲ့အတွက်

ခေတ်နှင့်လျော်ညီတဲ့ နယ်မြေရဲစခန်းရုံး အချုပ်ပါ တစ်ထပ်တစ်လုံးအား ဆောက်လုပ်ပေးရန် လိုအပ်လျက်ရှိတဲ့အတွက် အဆိုပါအဆောက်အဦများ ဆောက်လုပ်ရန်လည်း မြေအလုံအလောက်ရှိပါတယ်။

သို့ပါ၍ ဆင်ကော်နယ်မြေရဲစခန်းအတွက် ပြုပြင်ရန်လိုအပ်တဲ့ လုံးချင်းအဆောက်အဦတစ်လုံးအားပြန်လည်ပြုပြင်ရန်အတွက် ပြင်ဆင်ထိန်းသိမ်းစရိတ် ရန်ပုံငွေမှ ပြင်ဆင်သွားမည်ဖြစ်ကြောင်းနှင့် နယ်မြေရဲစခန်းအချုပ်ပါတစ်ထပ်တစ်လုံး၊ ခြောက်ခန်းတွဲနှစ်ထပ်တစ်လုံးတို့အား ဆောက်လုပ်ပေးရန် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေမှရရှိ၍ တင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မိုင်းခတ်မြို့၊ မြို့မရဲစခန်း၏ လိုအပ်ချက်များဖြစ်သည့် ရဲတပ်သားနှင့်ဝန်ထမ်းမိသားစုများ နေထိုင်နိုင်သော အဆောက်၊ အရာရှိမိသားစုနေထိုင်ရန်အဆောက်တို့အား မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောက်ရွက်ပေးနိုင်မည်ကိုသိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုင်းခတ်မဲဆန္ဒနယ်မှ ဦးစဲကီကော် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစဲကီကော်(မိုင်းခတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ အခုလို မိုင်းခတ်မြို့နယ်၊ မြို့မရဲစခန်းရဲ့လိုအပ်ချက်များကို တင်ပြခွင့်ပေးတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးကိုလည်း ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ မိုင်းခတ်မြို့နယ်၊ မြို့မရဲစခန်းမြေကွက်ဟာ ၆.၉ ဧကရှိပါတယ်။ အဲဒီမြေကွက်ပေါ်မှာ အသစ်ဆောက်လုပ်ထားသော မြို့နယ်မှူးရုံးတစ်ရုံးနှင့် မြို့နယ်မှူးရုံးဟောင်းတစ်ရုံးရှိပါတယ်။

နောက်ပြီး မိသားစုနေထိုင်ရန် ခြောက်ခန်းတွဲတစ်ထပ်ဆောင် တစ်ဆောင်၊ လေးခန်းတွဲ တစ်ထပ်ဆောင် တစ်ဆောင်၊ ကိုယ်ထူကိုယ်ထဖြင့်ဆောက်လုပ်ထားသော နှစ်ခန်းတွဲ တစ်ဆောင်ရှိပါတယ်။ ဒီအခန်းတွေဟာ ဝန်ထမ်း ၁၂ ဦးအတွက်သာ လုံလောက်ပါတယ်။ အခုလက်ရှိမှာတော့ ရဲဝန်ထမ်းအရာရှိ ကိုးဦး၊ တခြားအဆင့်က ၂၆ ဦးတာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ ဒီတော့ ၂၃ ဦး အတွက် နေရာထိုင်ခင်းက မရှိပါဘူး။ နေရာထိုင်ခင်းမရှိတဲ့အတွက် ရုံးခန်းထဲမှာကိုအခန်းဖွဲ့ပြီးတော့ နေထိုင်တာကိုလည်းတွေ့မြင်ရပါတယ်။ အဲဒီလို ရုံးထဲမှာအခန်းဖွဲ့နေထိုင်ခြင်းဟာ ရုံးလုပ်ငန်းဆောင်ရွက်တဲ့နေရာမှာ အဆင်မပြေဖြစ်နေတာကိုတွေ့ရှိရပါသဖြင့် အခုလိုဒီမေးခွန်းကိုမေးရခြင်းဖြစ်ပါတယ်။

**မူကြမ်း**

ဒီတော့ မေးလိုတာက အရာရှိများ သီးသန့်လိုင်းခန်းဆောက်လုပ်ပေးနိုင်ခြင်းရှိ/မရှိ၊ တပ်ဖွဲ့ဝင်များ နေထိုင်မှုအဆင်ပြေရေး၊ နေအိမ်အဆောက်အဦဆောက် လုပ်ပေးနိုင်ခြင်းရှိ/မရှိ၊ မြို့မရဲစခန်းလုံခြုံရေးအတွက် ခိုင်မာသောခြံစည်းရိုးခတ်ပေးနိုင်ခြင်းရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်သူ(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ရှမ်းပြည်နယ်၊ မိုင်းခတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစဲကီကော်ရဲ့ကြယ်ပွင့်ပြမေးခွန်းအပေါ် ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်၊ ရဲတပ်ဖွဲ့မှူးရုံးနဲ့ မိုင်းခတ်မြို့မရဲစခန်းတို့ဟာ မြေဧရိယာ ၆.၉ ဧကပေါ်မှာ တစ်စုတစ်စည်းတည်းတည်ရှိပါတယ်။ မိုင်းခတ်မြို့နယ်၊ ရဲတပ်ဖွဲ့မှူးရုံးမှာ အရာရှိ လေးဦး၊ အခြားအဆင့် လေးဦး၊ စာရေး နှစ်ဦး၊ မိုင်းခတ်မြို့မရဲ့စခန်းမှာ အရာရှိ ငါးဦး၊ အခြားအဆင့် ၂၂ ဦး စုစုပေါင်း အရာရှိ ကိုးဦး၊ အခြားအဆင့် ၂၆ ဦး၊ စာရေးဝန်ထမ်း နှစ်ဦး စုစုပေါင်း ၃၉ ဦး၊ အိမ်ထောင်သည် ၂၉ ဦး၊ လူပျို/အပျို ရှစ်ဦးတို့ဖြင့် လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။

မိုင်းခတ်မြို့မရဲစခန်းအတွင်းမှာ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး(ယခင်ရဲစခန်း)အဆောက်အဦး တစ်လုံး၊ ရဲစခန်းရုံး(အချုပ်ပါ) တစ်ထပ် တစ်လုံး၊ သုံးခန်းတွဲ တစ်ထပ် တစ်လုံး၊ လေးခန်းတွဲ တစ်ထပ် တစ်လုံး၊ ခြောက်ခန်းတွဲ တစ်ထပ် တစ်လုံး စုစုပေါင်း အဆောက်အဦ ငါးလုံး၊ လူနေအခန်း ၁၃ ခန်းရှိပြီး ပြုပြင်ရန်မလိုတဲ့အဆောက်အဦများဖြစ်ပါတယ်။ အိမ်ထောင်သည် ၁၃ ဦးအား လူနေအခန်း ၁၃ ခန်းတွင်လည်းကောင်း၊ အိမ်ထောင်သည် ခုနစ်ဦးမှာ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး(ယခင်ရဲစခန်းဟောင်း)ရဲ့ အနောက်ဘက်ခြမ်းအခန်းဖွဲ့၍လည်းကောင်း၊ လူပျိုခုနစ်ဦးနှင့် မိသားစုလိုက်ပါခြင်းမရှိတဲ့ အိမ်ထောင်သည်ခုနစ်ဦးတို့မှာ ရဲစခန်းရုံးတွင်လည်းကောင်း၊ အိမ်ထောင်သည် နှစ်ဦးနှင့် အပျိုစာရေးဝန်ထမ်း တစ်ဦးတို့မှာ ဒေသခံများဖြစ်၍ ပြင်ပတွင် ဆွေးမျိုးများနှင့်အတူနေထိုင်လျက်ရှိပါတယ်။ မိုင်းခတ်မြို့မရဲစခန်းတပ်ဖွဲ့မှူးရုံးနဲ့ မြို့မရဲစခန်းရှိတပ်ဖွဲ့ဝင်အင်အား မျှတမှုမရှိခြင်း၊ ဖွဲ့စည်းပုံအရ အင်အားဖြည့်တင်းလာပါက တပ်ဖွဲ့ဝင်များနေထိုင်ရန်အဆောက်အဦများ လိုအပ်မည်ဖြစ်ပါသဖြင့်

ခေတ်နှင့်လျော်ညီတဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးတစ်ရုံး၊ အရာရှိနေအိမ်တစ်လုံး၊ ခြောက်ခန်းတွဲ နှစ်ထပ်တစ်လုံးနှင့် လူ ၃၀ ဦးဆံ့ လူပျိုဆောင်တစ်လုံးဆောက်လုပ်ပေးရန် လိုအပ်လျက်ရှိပါတယ်။ သို့ပါ၍ မိုင်းခတ်မြို့နယ် ရဲဖွဲ့မှူးရုံးနှင့် မိုင်းခတ်မြို့မရဲစခန်းတို့အတွက် လိုအပ်လျက်ရှိတဲ့ မိုင်းခတ်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးတစ်ရုံး၊ အရာရှိနေအိမ် တစ်လုံး၊ ခြောက်ခန်းတွဲနှစ်ထပ်တစ်လုံး၊ လူ ၃၀ ဆံ့လူပျိုဆောင်တစ်ဆောင်တို့အား ဆောက်လုပ်ရန် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းမူလအသုံးစရိတ်မှာတင်ပြတောင်းခံသွားမှာဖြစ်ပါတယ်။ ကိုယ်စားလှယ်ကြီးထပ်မံတင်ပြတဲ့ ခြံစည်းရိုးနဲ့ပတ်သက်လို့တော့ ယခင်တင်ပြခြင်းမရှိတဲ့အတွက် ကျွန်တော် ပြန်လည်စိစစ်ပြီးပြန်ကြားသွားမှာ ဖြစ်ပါတယ်။

**ပန်းတောင်းမြို့နယ်အနီးတဝိုက် ဧရာဝတီမြစ်ကြောင်းအတွက် ရေကြောင်းရဲတပ်ဖွဲ့အား ပန်းတောင်းမြို့နယ်အခြေစိုက်အဖြစ် ဖွဲ့စည်းထားရှိရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်နှင်းသစ်(ပန်းတောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့မေးခွန်းကတော့ ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်အနီးတဝိုက် ဧရာဝတီမြစ်ကြောင်းအတွက် ရေကြောင်းရဲတပ်ဖွဲ့အား ပန်းတောင်းမြို့နယ်အခြေစိုက်အဖြစ် ဖွဲ့စည်းထားရှိရန် အစီအစဉ်ရှိ/မရှိဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျိုးကြောင်းဖော်ပြချက်များကို တင်ပြလို၍ လိုအပ်သည့်နေရာများတွင် Power Point အသုံးပြုခွင့်ပေးပါရှင်။ ပန်းတောင်းမြို့နယ်၏တည်နေရာနှင့် အကျယ်အဝန်းပြမြေပုံဖြစ်ပါတယ်။ ပန်းတောင်းမြို့နယ်သည် ပဲခူးတိုင်းဒေသကြီး ၂၈ မြို့နယ်တွင် ဧရာဝတီမြစ်အနောက်ဘက်ကမ်း၌ သီးခြားတည်ရှိသော မြို့နယ်ဖြစ်ပြီး မြစ်ကြောင်းအရတော့ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့နှင့် ဆက်စပ်နေပါတယ်။ ဧရိယာအကျယ်အဝန်း ၉၆၈ စတုရန်းမိုင်ရှိပြီး ပြည်ခရိုင်တွင် အကျယ်ဆုံးမြို့ဖြစ်ပါတယ်။ ဒါကြောင့် ပန်းတောင်းမြို့နယ်မှာရှိတဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှာ မြစ်ကြောင်းကိုတော့ မစောင့်ရှောက်နိုင်တာ တွေ့ရပါတယ်။ ဖော်ပြပါအတိုင်း ပန်းတောင်းမြို့နယ်သည် ခရိုင်စုတွင် မြစ်သဲ၊ မြစ်ကျောက်လုပ်ကွက် အများဆုံးရှိပြီး နိုင်ငံတော်အတွက် ဓာတ်သတ္တုအခွန်အများဆုံးဖြစ်ပြီး တိုင်းဒေသကြီးတွင်လည်း အများဆုံးရရှိနေသောမြို့နယ်ထဲမှာ ပါဝင်ပါတယ်။ ပန်းတောင်းမြို့နယ် ဧရာဝတီမြစ်ကြောင်းမှ လုပ်ငန်းများအပေါ် ပြဿနာများဖြစ်ပါတယ်။ တိုင်ကြားထားသော

ပြဿနာများစွာရှိရာ အမျိုးအစားခွဲလိုက်ရင် သုံးမျိုးရှိပါတယ်။ နံပါတ်(၁)ကတော့ မြစ်သဲ၊ မြစ်ကျောက်လုပ်ငန်းရှင်အချင်းချင်းကြားမှာဖြစ်ပြီး သတ်မှတ်နယ်မြေကျော်လွန်ပြီးတော့ထုတ်ခြင်း၊ တရားဝင်လိုင်စင်မယူဘဲနဲ့ ခိုးထုတ်သူများက လိုင်စင်ယူထားတဲ့နယ်မြေများမှာ ထုတ်ခြင်းဖြစ်ပါတယ်။ နံပါတ်(၂) အမျိုးအစားကတော့ မြစ်သဲ၊ မြစ်ကျောက်လုပ်ငန်းရှင်နှင့် ငါးလုပ်ငန်းလုပ်ကိုင်သူများကြားမှာဖြစ်ပြီး လုပ်ကွက်ပြဿနာများကြောင့် ဖော်ပြပါအတိုင်း ဆန္ဒဖော်ထုတ်မှုများပင် ရှိခဲ့ပါတယ်။ အမျိုးအစား(၃) ကတော့ မြစ်သဲ၊ မြစ်ကျောက်လုပ်ငန်းရှင်နှင့် ဒေသခံများကြားမှာဖြစ်ပြီး ဒေသခံများက လုပ်ငန်းကြောင့် ကမ်းပြို၊ ကမ်းစားဖြစ်တယ်လို့ တိုင်ကြားကြသလို လုပ်ငန်းရှင်ကလည်း ဒေသဖွံ့ဖြိုးရေးကို အကြောင်းပြကာ ငွေမတရားတောင်းလို့၊ လုပ်ခွင့်မရမှာစိုးရိမ်ပြီး တောင်းတဲ့ငွေကို ပေးရတယ်လို့ တိုင်ပါတယ်။ ဒေသခံနှင့်မပြေလည်၍ ခိုက်ရန်ဖြစ်ပွားခြင်းကြောင့် အမှုတွေဖြစ်ကြတယ်။ တချို့လုပ်ငန်းရှင်မှာ လိုင်စင်ကြေးတွေပေးပြီးပေမဲ့ လုံးဝလုပ်ကိုင်လို့မရအောင် ပြဿနာရှာခံတယ်လို့လည်း တိုင်ပါတယ်။ ဒေသနှင့်အပေးအယူအဆင်ပြေပြန်တော့ လုပ်ငန်းရှင်များက သတ်မှတ်ချက်ထက်ပိုထုတ်တာကြောင့် ကမ်းပြိုကမ်းစားဖြစ်ပြီး နိုင်ငံတော်မှဆောင်ရွက်ရန် ပြဿနာဖြစ်လာပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ တိုင်ကြားမှုများအား တာဝန်ရှိသူများမှ သွားရောက်စစ်ဆေးတဲ့အခါ လွှတ်တော်နားရက်များမှာ ကျွန်မလည်းအတူလိုက်ဖြစ်ပါတယ်။ အဆိုပါလုပ်ကွက်များကို သွားတဲ့အခါမှာ မြစ်ကြောင်းမှ သတ်မှတ်ချက်များသည် ပန်းတောင်းမှ လုပ်ကွက်အချို့ဟာ ပြည်နှင့် ရွှေတောင်ဘက်အခြမ်းမှာ ရှိပြီးတော့ ပန်းတောင်းကနေပြီးတော့ ပြည်၊ ပြည်မှ မြစ်ကြောင်းအတွင်းသို့ သွားရတဲ့အခါမှာ ၂ နာရီ၊ ၃ နာရီလောက်ကြာပါတယ်။ ဒါကြောင့် အချင်းချင်းဖုန်းဆက်ပြီးတော့ ရှောင်ရှားနိုင်ခြင်းကြောင့် စစ်ဆေးသူတွေအနေဖြင့် ပြဿနာများကို လက်ပူးလက်ကြပ်မမိဘဲ စိန်ပြေးတမ်းကစားနေကြသလို ဧရာဝတီမြစ်ကြောင်းအတွင်း၌ တရားဥပဒေစိုးမိုးမှုကင်းမဲ့လျက်ရှိပြီး လုံခြုံမှုလိုအပ်နေပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ပန်းတောင်းမြို့နယ် ဧရာဝတီမြစ်ကြောင်းအတွင်း မြစ်သဲ၊ မြစ်ကျောက်လုပ်ငန်း၊ ငါးလုပ်ငန်းတို့သည် နိုင်ငံတော်အတွက် အခွန်ရရှိခြင်း၊ တည်ဆောက်ရေးအတွက် မရှိမဖြစ်လိုအပ်တဲ့ မြစ်သဲ၊ မြစ်ကျောက်များ၊ စားသောက်ကုန်များ ရရှိနေခြင်း၊ ဒီလုပ်ငန်းတွေနဲ့ အသက်မွေးဝမ်းကျောင်းပြုနေတဲ့ မိသားစုတွေကလည်း အများကြီးရှိနေခြင်းတို့ကြောင့် အထက်ဖော်ပြပါပြဿနာများကို ဖြေရှင်းပေးဖို့ လိုအပ်နေပါတယ်ရှင်။ မှန်မှန်ကန်ကန်လုပ်ကိုင်နေတဲ့ လုပ်ငန်းရှင်တွေကို ကာကွယ်ပေးနိုင်ဖို့နဲ့ ဥပဒေမဲ့လုပ်ရပ်တွေကို တားဆီးနိုင်ဖို့အပြင် ဒေသရော၊ နိုင်ငံတော်အတွက်ပါ အကျိုးရှိလို့

မြန်မာနိုင်ငံရဲ့ရဲတပ်ဖွဲ့ ဖွဲ့စည်းပုံမှာလည်း ရေကြောင်းရဲတပ်ဖွဲ့ပါဝင်နေခြင်းကြောင့် လုံခြုံရေးလိုအပ်ချက်အရ အထက်ပါမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်သူ(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ်ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ရှင်းလင်းတင်ပြခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့အား ၂၈-၆-၂၀၁၂ ရက်နေ့တွင် ကျင်းပတဲ့ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၂၄/၂၀၁၂)ဖြင့် အသစ်တိုးချဲ့ဖွဲ့စည်းခွင့်ပြုခဲ့ပြီး ၃၀-၁-၂၀၁၈ ရက်နေ့တွင်ကျင်းပပြုလုပ်တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၈)ဖြင့် ရေကြောင်းရဲတပ်ဖွဲ့ကို တပ်ဖွဲ့မှူးရုံးတစ်ရုံး၊ ရေကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲ သုံးခွဲ၊ ရေကြောင်းရဲတပ်ဖွဲ့ခွဲ ခြောက်ခွဲ၊ ရေယာဉ်ပြင်ဆင်ရေးဌာနခွဲ၊ ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးနှင့် ဆက်ဆံရေးဌာနခွဲ၊ ရေကြောင်းရဲတပ်ဖွဲ့စု ၁၈ စုတို့ဖြင့် ပြင်ဆင်တိုးချဲ့ဖွဲ့စည်းခဲ့ပါတယ်။ ရေကြောင်းရဲတပ်ဖွဲ့ဖွဲ့စည်းပုံမှာ အရာရှိ ၁၂၈၀ ဦး၊ အခြားအဆင့် ၃၅၄၅ ဦး စုစုပေါင်း ၄၈၂၅ တို့ဖြင့် ဖွဲ့စည်းထားရှိပြီး လက်ရှိမှာ အရာရှိ ၂၀၄ ဦး၊ အခြားအဆင့် ၄၇၃ ဦး စုစုပေါင်း ၆၇၇ ဦးဖြင့် တာဝန်ထမ်းဆောင်လျက်ရှိတဲ့အတွက် ရေကြောင်းရဲတပ်ဖွဲ့ရဲ့ဖွဲ့စည်းပုံရဲ့ ၁၄.၀၃ ရာခိုင်နှုန်း တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ ရေကြောင်းရဲတပ်ဖွဲ့လုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် အထောက်အကူပြုရေယာဉ် ဖွဲ့စည်းပုံအရ ရှာဖွေကယ်ဆယ်ရေးရေယာဉ်ငါးစီး၊ ကမ်းရိုးတန်းသွားကင်းလှည့်ရေယာဉ် ၃၃ စီး၊ မြစ်တွင်းသွား ကင်းလှည့်ရေယာဉ် ၁၈ စီး၊ အမြန်ကင်းလှည့်ရေယာဉ် ၇၂ စီး စုစုပေါင်း ၁၂၈ စီးဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် ဖွဲ့စည်းသတ်မှတ်ထားရှိသော်လည်း လက်ရှိမှာ ကမ်းရိုးတန်းသွားရေယာဉ်လေးစီး၊ မြစ်တွင်းသွင်းကင်းလှည့်ရေယာဉ် ၁၀ စီး၊ အမြန်သွားကင်းလှည့်ရေယာဉ် ၁၇ စီး စုစုပေါင်း ၃၁ စီးဖြင့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ရေကြောင်းရဲတပ်ဖွဲ့မှူးရုံးကို နေပြည်တော်မှာထားရှိပြီး အမှတ်(၁)ရေကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲကို မဲခေါင်မြစ်၊ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်များအတွင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး

လုပ်ငန်းများဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ရေကြောင်းတပ်ဖွဲ့ခွဲသုံးခွဲ (ဝမ်ပုံ၊ မန္တလေး၊ မုံရွာ)တို့နှင့် တပ်ဖွဲ့ခွဲတစ်ခုအောက်မှာ တပ်ဖွဲ့စု သုံးစုစီဖြင့် စုစုပေါင်း တပ်ဖွဲ့စုကိုးစု(ဆွမ်ပလွေ၊ ကျိုင်းလပ်၊ ဝမ်ပုံ၊ ကသာ၊ မန္တလေး၊ ညောင်ဦး၊ မုံရွာ၊ ကလေးဝ၊ ဟုမ္မလင်း)တို့ဖြင့် ဖွဲ့စည်းထားရှိပါတယ်။ အမှတ်(၂) ရေကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲကို မြန်မာ့ပင်လယ်ပြင်နှင့်ကမ်းရိုးတန်းဒေသများ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးရည်ရွယ်၍ ဖွဲ့စည်းထားရှိပြီး ၎င်းအောက်မှာ ရေကြောင်းရဲတပ်ဖွဲ့ခွဲ သုံးခွဲ(ကျောက်ဖြူ၊ ရန်ကုန်၊ ထားဝယ်)နှင့် တပ်ဖွဲ့ခွဲတစ်ခုအောက်မှာ တပ်ဖွဲ့စု သုံးစု စုစုပေါင်း တပ်ဖွဲ့စုကိုးစု(စစ်တွေ၊ ကျောက်ဖြူ၊ သံတွဲ၊ ရန်ကုန်၊ ပုသိမ်၊ မော်လမြိုင်၊ ထားဝယ်၊ မြိတ်၊ ကော့သောင်း)တို့ဖြင့်လည်းကောင်း၊ အမှတ်(၃)ရေကြောင်းရဲတပ်ဖွဲ့ခွဲကို ရေယာဉ်ပြင်ဆင်ရေးလုပ်ငန်းများနှင့် ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်ရန် ရည်ရွယ်ပြီး ဖွဲ့စည်းထားရှိခဲ့ပါတယ်။ ဧရာဝတီမြစ်ကြောင်းမှာ လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် မြစ်ကြောင်းရဲတပ်ဖွဲ့ခွဲ(မန္တလေး)ကို ရေကြောင်းရဲတပ်ဖွဲ့စုသုံးစု(ကသာ၊ မန္တလေး၊ ညောင်ဦး)တို့ဖြင့် ဖွဲ့စည်းထားရှိပေမဲ့ တပ်ဖွဲ့စုများဖြစ်တဲ့ ကသာ၊ မန္တလေး၊ ညောင်ဦးတို့ကို ဖွဲ့စည်းပုံအရ ပြည့်မီခြင်းမရှိတဲ့အတွက် ဖွင့်လှစ်နိုင်ခြင်းမရှိသေးဘဲနဲ့ ရေကြောင်းရဲတပ်ဖွဲ့ခွဲ(မန္တလေး) ကို အရာရှိ ၃၇ ဦး၊ အခြားအဆင့် ၅၀ ဦး စုစုပေါင်း ၈၇ ဦးဖြင့်သာ ဖွဲ့စည်းထားရှိနိုင်ခဲ့ပါတယ်။

မြစ်ချောင်းများအတွင်း သယံဇာတများထုတ်လုပ်ခြင်းလုပ်ငန်းများကို ကြပ်မတ်ထိန်းသိမ်းခြင်းနှင့်ပတ်သက်၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဓိကတာဝန်ယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံရေကြောင်းရဲတပ်ဖွဲ့အနေနဲ့ ဖြစ်ပွားတဲ့မှုခင်းများကို ဥပဒေနှင့်အညီ စုံစမ်းဖော်ထုတ်အရေးယူခြင်း၊ မှုခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းများကိုသာ အဓိကထားဆောင်ရွက်လျက်ရှိပါတယ်။ ဧရာဝတီမြစ်ဟာ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်အတွင်း မြောက်မှ တောင်သို့ အလျားလိုက် ရေမိုင် ၃၀ မိုင်ခန့် ဖြတ်သန်းစီးဆင်းလျက်ရှိပါတယ်။ အဆိုပါ ရေမိုင် ၃၀ မိုင်ကို ပန်းတောင်းမြို့မရဲစခန်း၊ ထုံးဘိုနယ်မြေရဲစခန်းနှင့် နဝဒေးရဲကင်းစခန်းတို့ တပ်ဖွဲ့ဝင်များမှ သက်ဆိုင်ရာစခန်းအလိုက် အပိုင်ခွဲ၍ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ် ဧပြီလအထိ ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ် ဧရာဝတီမြစ်အတွင်းဖြစ်ပွားခဲ့တဲ့မှုခင်းများအနေဖြင့် ရာဇသတ်ကြီးဥပဒေဖြင့် အရေးယူမှု ၁၁ မှု၊ သေမှုသေခင်း (ရေနစ်သေဆုံးမှု) ၁၁ မှု၊ ပြည်တွင်းရေကြောင်းသွားရေယာဉ်ဥပဒေဖြင့် အရေးယူမှုတစ်မှုတို့အပြင် ရေချိုငါးလုပ်ငန်းဥပဒေအဖြစ် အရေးယူသည့်အမှုတစ်မှု၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ

ထိန်းသိမ်းရေးဥပဒေဖြင့် အရေးယူမှု ၁၂ မှု စုစုပေါင်း ၃၆ မှုကို သက်ဆိုင်ရာစခန်းအသီးသီးမှ ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့ပါတယ်။ သို့ပါ၍ ပန်းတောင်းမြို့နယ်၊ ဧရာဝတီမြစ်ကြောင်း တရားဥပဒေစိုးမိုးရေးလုပ်ငန်းများဆောင်ရွက်ရန် ပန်းတောင်းမြို့နယ်ရဲတပ်ဖွဲ့မှ တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်းနှင့် မြစ်ချောင်းများအတွင်း စီးပွားရေးအလို့ငှာ သယံဇာတထုတ်လုပ်ခြင်းလုပ်ကိုင်သည့်လုပ်ငန်းများနှင့်ပတ်သက်၍ ဥပဒေကြောင်းအရ ထိန်းကျောင်းခြင်းလုပ်ငန်းကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံရေကြောင်းရဲတပ်ဖွဲ့အနေဖြင့် ဖွဲ့စည်းပုံပါ အင်အားအတိုင်း ပြည့်မီခြင်းမရှိသေးပါသဖြင့် ရေကြောင်းရဲတပ်ဖွဲ့အား ပန်းတောင်းမြို့နယ်အခြေစိုက်တွင် လတ်တလောဖွင့်လှစ်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်ခင်နှင်းသစ်(ပန်းတောင်းမဲဆန္ဒနယ်)**။ ။ ဆက်စပ်မေးခွန်းမေးခွင့်ပြုပါ။ အခုနက ဝန်ကြီးရဲ့ဖြေကြားချက်ထဲမှာ ဆောင်ရွက်ချက်တွေကိုတော့ တင်ပြထားပြီးဖြစ်ပါတယ်။ အခု ပန်းတောင်းမြို့နယ်မှာရှိနေတဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကလည်း မြစ်ကြောင်းမှာဆောင်ရွက်နေတယ်လို့လည်း ဖြေကြားချက်ထဲမှာ ပါပါတယ်။ ဒါပေမဲ့ ဆောင်ရွက်နေတယ်လို့သာပြောတာ။ မြေပြင်မှာကျတော့ ပြဿနာတွေက ကျွန်မလွှတ်တော်ကိုယ်စားလှယ်ဖြစ်ပြီးကတည်းက တိုင်စာတွေက ယနေ့အချိန်အထိ တိုင်ကြားမှုတွေကလည်း ဖြစ်နေတယ်။ အဲဒီတော့ ကျွန်မအနေနဲ့ မေးချင်တဲ့ ထပ်ဆင့်မေးခွန်းကကျတော့ ပန်းတောင်းမြို့နယ်မှာ လိုအပ်ချက်အရ ဖြစ်နေတဲ့၊ ယခုလက်ရှိဖြစ်ပေါ်နေတဲ့၊ မြစ်ကြောင်းထဲမှာဖြစ်နေတဲ့ ပြဿနာတွေအပေါ်မှာ လုံခြုံရေးအပိုင်းတွေကို ဘယ်လိုထပ်မံဖြည့်ဆည်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခြင်းဖြစ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆက်စပ်မေးခွန်းကို ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဗိုလ်ချုပ်အောင်သူ(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ကျွန်တော်ရဲ့ပထမအဖြေထဲမှာလည်းပါပြီးဖြစ်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဧရာဝတီမြစ်၊ ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်အတွင်းမှာဖြစ်တဲ့ ရေကြောင်းမှုခင်းများနှင့်ပတ်သက်ပြီးတော့မှ ပန်းတောင်းမြို့မရဲစခန်း၊ ထုံးဘိုနယ်မြေရဲစခန်းနှင့် နဝဒေးရဲကင်းစခန်း တပ်ဖွဲ့ဝင်တွေကနေပြီးတော့ အရေးယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီဟာနှင့်ပတ်သက်ပြီးတော့မှ ကျွန်တော်တို့ ထပ်မံပြီးတော့မှ

တကယ်လို့ ကျွန်တော်တို့ဆီကို တပ်ဖွဲ့ဝင်ကနေပြီးတော့မှ ရှင်းလင်းဖြေကြားခြင်း၊ ဆောင်ရွက်ပေးခြင်း၊ ဖြေရှင်းပေးခြင်းမရှိဘူးဆိုရင် ကျွန်တော်တို့ဆီကို အရေးယူပေးဖို့အတွက်ကို တိုင်ကြားပေးပို့နိုင်ကြောင်းတင်ပြအပ်ပါတယ်။

**ဖလမ်းမြို့နယ်၊ သီးဆဲင်ကျေးရွာအုပ်စု၊ ဗားလုံ(ဝေဠူဝန်စခန်း)ကျေးရွာတွင် ရဲကင်း သို့မဟုတ် ရဲစခန်း ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဖလမ်းမဲဆန္ဒနယ်မှ ဒေါက်တာဆလိုင်းရီယန်းဗဲလ် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာဆလိုင်းရီယန်းဗဲလ်(ဖလမ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ ဖလမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဆလိုင်းရီယန်းဗဲလ် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်၊ သီးဆဲင်ကျေးရွာ အုပ်စု၊ ဝေဠူဝန်စခန်း(ခေါ်)ဗားလုံကျေးရွာတွင် ရဲစခန်း သို့မဟုတ် ရဲကင်းဖွင့်လှစ်ပေးပါရန်အစီအစဉ် ရှိ/မရှိမေးခွန်းဖြစ်ပါတယ်။

မေးမြန်းလိုတဲ့အကြောင်းအရင်းကတော့ ဖလမ်းမြို့နယ်၊ သီးဆဲင်ကျေးရွာအုပ်စု၊ ဗားလုံရွာဟာ ဖလမ်း-ကလေးကားလမ်းပေါ်တွင်တည်ရှိပြီး ဖလမ်းမြို့မှ ၄၂ မိုင်၊ ဗားရဲကင်းမှ ၃၀ မိုင်ကွာဝေးလျက်ရှိပါတယ်။ ဗားလုံကျေးရွာတွင် အိမ်ခြေ ၁၆၀၊ လူဦးရေအားဖြင့် ၁၀၀၀ ကျော် နေထိုင်လျက်ရှိပါတယ်။ ဗားလုံးကျေးရွာအနီးနားတွင် ရွာပေါင်း ၁၇ ရွာရှိပြီး လူဦးရေအားဖြင့် ၂၀၀၀ ကျော်ရှိပါတယ်။ ဗားလုံကျေးရွာတွင် အခြေခံပညာအထက်တန်းကျောင်းတစ်ကျောင်း၊ မီးသတ်စခန်းတစ်ခု၊ ဆောက်လုပ်ရေးစခန်းတစ်ခု၊ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်း တစ်ကျောင်းနှင့် ခရစ်ယာန်ဘုရားရှိခိုးကျောင်းခြောက်ကျောင်းရှိပါတယ်။ ကျေးရွာနေပြည်သူလူထုအများစုမှာ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများဖြင့် ရိုးသားစွာလုပ်ကိုင်စားသောက်သူများ ဖြစ်ပါတယ်။ ဝေးလံခေါင်သီပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ပြည်သူများ၏လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် မေးမြန်းရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဝေဠူဝန်စခန်း(ခေါ်)ဗားလုံကျေးရွာဟာ ဖလမ်း-ကလေးကားလမ်းပေါ်တွင်ရှိပြီး လူမျိုးပေါင်းစုံ၊ စရိုက်မျိုးစုံနဲ့မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားသူများ၏ သွားလာဖြတ်သန်းရာ နေရာလည်းဖြစ်သဖြင့် မှုခင်းများ၊ ပဋိပက္ခများ မကြာခဏဖြစ်ပွားလျက်ရှိပါတယ်။ ထိုသို့ မှုခင်းများ၊ ပဋိပက္ခများမကြာခဏဖြစ်ပွားသဖြင့် ပြည်သူများ၏လုံခြုံရေးနဲ့ တရားဥပဒေစိုးမိုးရေးတို့ဟာ တစ်နေ့

တခြားစိုးရိမ်ရတဲ့အခြေအနေမှာရှိနေပါတယ်။ အကယ်၍ ရဲစခန်း သို့မဟုတ် ရဲကင်းဖွင့်လှစ်ခွင့်ပြုပါက မြေနေရာလုံလောက်စွာရှိကြောင်းလည်း သိရှိရပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူများ၏လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်၊ သီးဆဲင်ကျေးရွာအုပ်စု၊ ဝေဠုဝန်စခန်း(ခေါ်)ဗားလုံကျေးရွာတွင် ရဲကင်း သို့မဟုတ် ရဲစခန်းဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိကို ပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်သူ(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်၊ ဖလမ်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဆလိုင်းရီယန်းဗဲလ်ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ချင်းပြည်နယ်၊ ဖလမ်းခရိုင်၊ ဖလမ်းမြို့နယ်ဟာ ၉၈၈.၉ ဧရိယာစတုရန်းမိုင်ကျယ်ဝန်းပြီး မြောက်ဘက်မှာ တီးတိန်မြို့နယ်၊ အရှေ့ဘက်မှာ ကလေးမြို့နယ်၊ တောင်ဘက်မှာ ဟားခါးမြို့နယ်၊ အနောက်ဘက်မှာ အိန္ဒိယနိုင်ငံတို့နှင့် ဆက်စပ်လျက်ရှိပါတယ်။ ဖလမ်းမြို့နယ်မှာ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ ဖလမ်းမြို့မရဲစခန်း၊ ရိဒ်နယ်မြေရဲစခန်း၊ ဗါးရ်ရဲကင်းစခန်း၊ သီးဘွာလ်ရဲကင်းစခန်း၊ ဝေဘူလရဲကင်းစခန်းတို့တည်ရှိပါတယ်။ ဖလမ်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှာ အရာရှိ သုံးဦး၊ အခြားအဆင့် ၁၀ ဦး၊ ဖလမ်းမြို့မရဲစခန်းမှာ အရာရှိ သုံးဦး၊ အခြားအဆင့် ၅၅ ဦး၊ ရိဒ်နယ်မြေရဲစခန်းမှာ အရာရှိ သုံးဦး၊ အခြားအဆင့် ၂၄ ဦး၊ ဗါးရ်ရဲကင်းစခန်းမှာ အရာရှိ တစ်ဦး၊ အခြားအဆင့် ရှစ်ဦး၊ သီးဘွာလ်ရဲကင်းစခန်းမှာ အခြားအဆင့် ၁၀ ဦး၊ ဝေဘူလရဲကင်းစခန်းမှာအခြားအဆင့် ၁၀ ဦး စုစုပေါင်း အရာရှိ ၁၀ ဦး၊ အခြားအဆင့် ၁၁၇ ဦးဖြင့် မြို့နယ်၏လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

သီးဆဲင်ကျေးရွာအုပ်စု၊ ဗားလုံ(ဝေဠုဝန်စခန်း)ကျေးရွာဟာ ဖလမ်းမြို့မှ ၄၂ မိုင်ကွာဝေးပြီး ဖလမ်း-ကလေးကားလမ်းပေါ်မှာတည်ရှိ၍ ဗါးရ်ရဲကင်းစခန်းအပိုင်နယ်မြေအတွင်းမှာတည်ရှိပါတယ်။ ဗားလုံကျေးရွာဟာ အိမ်ခြေ ၁၂၈ အိမ်၊ အိမ်ထောင်စု ၁၂၈ စု၊ လူဦးရေ ၈၁၆ ဦးနေထိုင်လျက်ရှိပြီး ဘုန်းကြီးကျောင်း တစ်ကျောင်း၊ ခရစ်ယာန်ဘုရားကျောင်း ခြောက်ကျောင်း၊ အထက်တန်းကျောင်း တစ်ကျောင်း၊ ကျေးလက်ဆေးပေးခန်းတစ်ခု၊ Myanmar Post and Telecommunications(MPT)

နှင့်Telenor ဆက်သွယ်ရေးကွန်ရက်တို့တည်ရှိပါတယ်။ ဗါးရ်ကင်းရဲစခန်းနှင့် ၃၈ မိုင်ကွာဝေးပြီး ကတ္တရာလမ်းအတိုင်း ကား/ဆိုင်ကယ်ဖြင့် နှစ်နာရီခန့် ရာသီမရွေးသွားလာနိုင်ပါတယ်။ မှုခင်းဖြစ်ပွားမှု အနေဖြင့် ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ် ဧပြီလအထိ အမှုကြီး တစ်မှု၊ အခြားအမှု တစ်မှုသာ ဖြစ်ပွားခဲ့ပါတယ်။

ရဲကင်းစခန်းဖွင့်လှစ်နိုင်ရေးအတွက် နယ်မြေဒေသအရ လိုအပ်ချက်ရှိခြင်း၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအား အနီးဆုံးရဲကင်းစခန်းမှ ဆောင်ရွက်နိုင်ရန်အတွက် အလှမ်း ကွာဝေးခြင်း၊ မှုခင်းဖြစ်ပွားမှုများပြားခြင်းစတဲ့ အချက်တွေပေါ်မူတည်ပြီး သက်ဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့အဆင့်ဆင့်ရဲ့ထောက်ခံတင်ပြချက်ဖြင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့်စိစစ်တင်ပြပြီး ပြည်ထောင်စုအစိုးရ အဖွဲ့ရဲ့ခွင့်ပြုချက်ဖြင့် ဖွင့်လှစ်ရခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဖလမ်းမြို့နယ်၊ သီးဆဲင်ကျေးရွာအုပ်စု၊ ဗားလုံကျေးရွာဟာ မှုခင်းဖြစ်ပွားမှုနည်းပါးခြင်း၊ MPT နှင့် Telenor တို့ရဲ့ ဆက်သွယ်မှုကွန်ရက်ရှိပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း၊ လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေး အတွက် နိုင်နင်းစွာဆောင်ရွက်နိုင်ခြင်းတို့ကြောင့် ရဲကင်းစခန်းဖွင့်လှစ်ရန်မလိုအပ်ပါသေးကြောင်းနှင့် ဗားလုံကျေးရွာမှာ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဗါးရ်ရဲကင်းစခန်းမှ ဒုရဲအုပ် အောင်ကျော်မိုး ဦးစီး(၁+၈)ဦးမှ ရွာစင်ကျယ်လှည့်ကင်းများဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်က နိုင်ငံ၏အမျိုးသားစီးပွားဖွံ့ဖြိုးတိုးတက်စေရန် တောင်သူဗဟိုပြု စိုက်ပျိုးရေးနှင့် အသားငါးထုတ်လုပ်ရေးကဏ္ဍကို နှစ်တို၊ နှစ်ရှည်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေးက အဆိုတစ်ရပ် တင်သွင်းထားပါတယ်။ ဦးတင်ထွေးအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ် ပါတယ်။

**မူကြမ်း**

**ဦးတင်ထွေး(ဝေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဒီကနေ့ တင်သွင်းမည့်အဆိုကတော့ နိုင်ငံရဲ့အမျိုးသားစီးပွားဖွံ့ဖြိုးတိုးတက်စေဖို့ တောင်သူဗဟိုပြု စိုက်ပျိုးရေးနှင့် အသားငါး ထုတ်လုပ်ရေးကဏ္ဍကို နှစ်တို၊ နှစ်ရှည်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်းအဆိုပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံရဲ့ ကုန်သွယ်မှုလိုငွေပြနေခြင်းကို ရပ်တန့်စေဖို့နှင့် အမျိုးသားစီးပွားဖွံ့ဖြိုးတိုးတက်စေဖို့ဆိုရင် ပြည်တွင်းထုတ်လုပ်မှုစွမ်းအားကို မြှင့်တင်ဖို့လိုအပ်တာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ မြေသယံဇာတ၊ ရေသယံဇာတနှင့် လုပ်သားသယံဇာတကြွယ်ဝတဲ့ နိုင်ငံဖြစ်ပါတယ်။ ရေ၊ မြေနှင့်လုပ်သားသယံဇာတတွေကို အကျိုးရှိရှိအသုံးချနိုင်မယ်ဆိုရင် တိုင်းပြည်ရဲ့ စီးပွားဖွံ့ဖြိုးတိုးတက်မှု ရလဒ်ကို အချိန်နှင့်တစ်ပြေးညီ ခံစားကြရမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီအချိန် ဒီကာလမှာ ဒီသယံဇာတ သုံးရပ်ကိုအခြေပြုပြီးတော့ စိုက်ပျိုးရေးနှင့်သားငါးထုတ်လုပ်ရေးလုပ်ငန်းကို နိုင်ငံတော်ရဲ့ အဓိကပြည်တွင်းထုတ်ကုန်အဖြစ် ထုတ်လုပ်နိုင်ရေးကို အခြေပြုဖို့ လိုအပ်မယ် ထင်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ လူဦးရေ ၇၀ ရာခိုင်နှုန်းဟာ ကျေးလက်ဒေသမှာ နေထိုင်ပြီးတော့ မြေယာပေါ်မှာအခြေပြုတဲ့ ဆန်၊ စပါးအပါအဝင်သီးနှံမျိုးစုံစိုက်ပျိုးခြင်းနှင့် သားငါးမွေးမြူရေးလုပ်ငန်း များကို အသက်မွေးဝမ်းကျောင်းအဖြစ် ပြုနေကြသူများဖြစ်ပါတယ်။

ဒါကြောင့် မြေသယံဇာတကို အခြေပြုပြီးတော့ လယ်ယာစိုက်ပျိုးရေးနှင့် အသက်မွေးဝမ်းကျောင်း ပြုနေကြတဲ့ တောင်သူများကိုဗဟိုပြုပြီး စိုက်ပျိုးရေးလုပ်ငန်းမှ ထုတ်ကုန်များကို ထုပ်လုပ်နိုင်မှသာလျှင် နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးမှုကို ပိုမိုအားမြှင့်တင်လာနိုင်ပြီးတော့ နိုင်ငံ့စီးပွားတိုးတက်မှုကို ဆောင်ရွက် သင့်တဲ့အချိန်အခါကောင်းလည်း ဖြစ်ပါတယ်။ ဒီပို့ကုန်ထုတ်လုပ်မှုလုပ်ငန်းများဖြစ်တဲ့ လယ်ယာမြေကို အခြေခံပြီး စိုက်ပျိုးထုတ်လုပ်မှု မြှင့်တင်တဲ့အခါမှာ ဒီထုတ်လုပ်တဲ့သီးနှံများဟာ နိုင်ငံတကာဈေးကွက် ဝင်ပြီးတော့ အရည်အသွေးမြင့်မားတဲ့ ကုန်ပစ္စည်းများဖြစ်ဖို့ စိုက်ပျိုးထုတ်လုပ်သူတောင်သူများအနေနဲ့ မျိုးကောင်းမျိုးသန့်များရရှိဖို့ လိုအပ်တဲ့အရည်းအနှီးများ၊ ငွေကြေးများ အချိန်မီရရှိရေး၊ နည်းပညာ များရရှိရေးအပါအဝင် စိုက်ပျိုးသီးနှံများနှင့်ပတ်သက်တဲ့ ရာသီအလိုက် သီးနှံအာမခံရရှိရေး၊ ရာသီဥတုအာမခံထားရှိရေးနှင့် ဈေးကွက်ရရှိရေးတို့ကို နိုင်ငံတော်နှင့် ကုမ္ပဏီများက အာမခံကြေး ပေးဆောင်လုပ်ကိုင်သူ တောင်သူများ မဆုံးရှုံးစေရန်အတွက် ဆောင်ရွက်ပေးသင့်သည်များကို ဦးစား

ပေးအလိုက် ဆောင်ရွက်မည်လို့ပဲ ထင်ပါတယ်။ ဒါမှသာ တောင်သူများအနေဖြင့် ၎င်းတို့ စိုက်ပျိုး ထုတ်လုပ်တဲ့ ကောက်ပဲသီးနှံများအပေါ်မှာ စိတ်အေးချမ်းသာစွာဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်ကြ ပါမယ်။ ကျွန်တော်တို့ လွန်ခဲ့တဲ့ ၁ဝ နှစ်ကာလကနေပြီးတော့ ဆယ်စုနှစ်ကာလက ယနေ့အထိ အိမ်နီးချင်းနိုင်ငံတွေကိုကြည့်မယ်ဆိုလို့ရှိရင် စိုက်ပျိုးရေးကိုအခြေခံပြုပြီးတော့ နိုင်ငံရဲ့စီးပွားဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆောင်ရွက်နေကြတဲ့ ဖိလစ်ပိုင်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့ဟာ သီးနှံအာမခံစနစ် ဥပဒေကိုပြဋ္ဌာန်းပြီးတော့ တောင်သူဗဟိုပြုစိုက်ပျိုးရေး လုပ်ငန်းများလုပ်ဆောင်ရာမှာ များစွာဖြစ်ထွန်းအောင်မြင်ပြီးတော့ နိုင်ငံရဲ့အမျိုးသားစီးပွားဖွံ့ဖြိုး တိုးတက်နေတာကို ကျွန်တော်တို့ လောလောလတ်လတ် တွေ့မြင်နေကြရတာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံအနေနဲ့ ရာသီဥတုနှင့် မြေအနေအထား အရ နွေ၊ မိုး၊ ဆောင်းဆိုတော့ ရာသီများကို ပိုင်းခြားထားပါတယ်။ ဒီရာသီများမှာ စပါးကို မိုးရာသီမှာ အဓိကစိုက်ပျိုးပြီးတော့ ရာသီဆိုးရွားတဲ့နှစ်များမှာဆိုလို့ရှိရင် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပါတယ်။ ဒီလို နေရာမှာ တောင်သူများဟာ မိုးရာသီကာလအလယ်မှာရေကျနောက်ကျပြီးမှ စပါးကိုပြန်လည် စိုက်ပျိုးကြပြီးတော့ ယခုအခါမှာ ဆည်ရေများရရှိတဲ့ဒေသတွေမှာ နွေစပါးများကိုအဓိကစိုက်ပျိုးလာ တာကိုတွေ့ရပါတယ်။ မိုးစပါးဟာ အလေအလွင့်များတဲ့အတွက် တောင်သူများအနေဖြင့် စီးပွားရေးကို ပိုမိုအားထားလာတဲ့နေရာမှာ ကျွန်တော်တို့ နွေစပါးကိုစိုက်ပျိုးပြီးတော့ ဆည်ရေရတဲ့နေရာတွေ၊ ရေချို ရတဲ့ ချောင်း၊ မြောင်းရှိတဲ့နေရာတွေကို အဓိကအားထားပြီးတော့ လုပ်လာကြတာတွေ့ရပါတယ်။ ဆောင်းနှင့် နွေရာသီမှာ စိုက်ပျိုးကြတဲ့ သီးနှံတွေအတွက်တော့ ရေသယံဇာတဟာမရှိမဖြစ် လိုအပ်တာ ပဲဖြစ်ပါတယ်။ ဒါကြောင့်မို့ ဆည်ရေနှင့်ရေချိုရရှိတဲ့ မြစ်၊ ချောင်းများကို အားကိုးပြီးတော့ စိုက်ရတဲ့ နေရာမှာ လိုအပ်တဲ့ ရေတံခါးများ၊ မြောင်းများကို သက်ဆိုင်ရာများက ဖောက်ပေးပြီးတော့ လုပ်မယ် ဆိုလို့ရှိရင်တော့ စိုက်ပျိုးရေးကဏ္ဍဟာ ပိုမိုထွန်းကားပြီးတော့ တိုင်းပြည်ရဲ့ထုတ်ကုန်သီးနှံဟာ များစွာ တိုးတက်လာမှာဖြစ်ပါတယ်။

ဒါ့အပြင် သားငါးထုတ်လုပ်ခြင်း၊ အသားထုတ်လုပ်နိုင်တဲ့ မြန်မာနိုင်ငံမှာဆိုလို့ရှိရင် ကျွဲ၊ နွား၊ ဆိတ်၊ သိုး၊ ကြက်၊ ဘဲ၊ ငါး၊ ဝက်စတဲ့ နိုင်ငံရဲ့ ပြည်နယ်တိုင်း၊ နေရာတိုင်းမှာ မွေးမြူဖြစ်ထွန်းနိုင်တာ ဖြစ်ပါတယ်။ ဒီတိရစ္ဆာန်များ ကြီးထွားရှင်သန်ပြီးတော့ အောင်မြင်ဖို့ဆိုတာ အဓိကလိုအပ်တဲ့ စားကျက် နှင့်ကောက်ရိုး၊ အခြားအစားအစာများကလည်း ကျွန်တော်တို့ တိုင်းပြည်မှာအဆင်သင့်လိုဖြစ်နေပါ တယ်။ ရာသီမရွေးပေါက်တဲ့ မြက်များကိုစားသုံးပြီးတော့ မွေးမြူရတာ အဆင်ပြေမှုရှိတဲ့အခါကျတော့

စားကျက်များကလည်း တိုင်းပြည်အတွက် လိုအပ်နေတာဖြစ်ပါတယ်။ တိုင်းပြည်အတွက် အဓိက အထောက်အကူဖြစ်တဲ့ဒီစားကျက်တွေကို ဒီအချိန်အခါမှာတော့ ကျွန်တော်တို့ သီးခြားကို ထားရှိဖို့လို လိမ့်မယ်လို့ မြင်ပါတယ်။ ဒါအပြင် ကျွဲ၊ နွားများဟာ လယ်ယာကုန်ထုတ်လုပ်ငန်းကို အခြေပြု လုပ်ကိုင်တဲ့ကာလအတွင်းမှာ နိုင်ငံ၏ရေမြေအနေအထားအရ ဒေသအတော်များများမှာ မရှိမဖြစ် လိုအပ်သေးတဲ့ လယ်ယာကုန်ထုတ်ကိရိယာများအဖြစ် တည်ရှိနေပါတယ်။ ဒါကြောင့် ကျွဲ၊ နွားများ စားကျက်များဟာ လက်ရှိအခြေအနေမှာ ဖယ်ရှားခြင်းမပြုဘဲနဲ့ ရနိုင်သလို နိုင်ငံ၏ကုန်ထုတ်လုပ်ငန်း အတွက် မွေးမြူရာမှာ စားကျက်များတည်ရှိရေးအတွက်ကလည်း အဓိကလိုအပ်နေတာဖြစ်ပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူများဟာ ကျွဲ၊ နွားများကို လုပ်ငန်းခွင်မှာ လိုအပ်လို့ မွေးမြူသလို အချို့တောင်သူများဟာ အပိုငွေရရှိရေးအတွက်လည်း အသားရောင်းချမှုအတွက် မွေးမြူ ထားကြတာလည်းရှိပါတယ်။ ဆိတ်၊ ဘဲ၊ ကြက်၊ ငါးတို့ကို တောင်သူတိုင်းလိုလို တစ်ပိုင်တစ်နိုင်မွေးမြူ ကြပါတယ်။ ယခုအခါမှာ စီးပွားဖြစ်မွေးမြူကြသူများရှိသလို တောင်သူအများစုဟာလည်းပဲ ငွေကြေး အင်အားချို့တဲ့မှုရှိတဲ့အတွက် သွင်းအားစုငွေကြေးမတတ်နိုင်လို့ မိမိတို့မွေးနိုင်သမျှ ထိန်းကျောင်းနိုင် သမျှဟာကို မမွေးနိုင်ကြ၊ မထိန်းကျောင်းနိုင်ကြတာကို တွေ့ရပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့်မို့လို့ ဒီဟာနဲ့ပတ်သက်လို့ အခြားစိတ်ဝင်စားတဲ့ တောင်သူများ မွေးမြူနိုင်ရေးအတွက် အစိုးရဘဏ်နှင့် ပုဂ္ဂလိကဘဏ်တွေက အာမခံစနစ်အပါအဝင် အခြားလိုအပ်သည်များကို ဖြည့်စွက်ပြီးတော့ မွေးမြူစေမယ်ဆိုရင် နိုင်ငံ၏ အသားထုတ်လုပ်မှုလုပ်ငန်း ဟာ မြင့်မားပြီးတော့ ပို့ကုန်များလည်း အမျိုးသားအကျိုးစီးပွားအတွက် ပိုမိုမြင့်တက်လာမှာ ဖြစ်ပါတယ်။ ယခုအခါမှာ ကျွဲ၊ နွားများကို ဝန်ကြီးဌာနမှ သတ်မှတ်ထားသည့်စည်းမျဉ်း၊ စည်းကမ်းများ နှင့်အညီ ပြည်ပပို့ကုန်အဖြစ် ပို့နေကြပါတယ်။ ကျွဲ၊ နွားများမွေးမြူနိုင်ရေးအတွက် အစီအမံများ ပြုလုပ် ထားခြင်းမရှိဘူးဆိုရင် မကြာမီသောကာလများမှာ ကျွဲ၊ နွားများ ပြုတ်ပြုတ်ပြုန်းပြီးတော့ လယ်ယာ ကုန်ထုတ်လုပ်ငန်းနှင့် အသားထုတ်လုပ်ငန်းများကို အထူးထိခိုက်လာမှာကိုလည်း တွေ့ရမှာဖြစ်ပါ တယ်။ ငါးမွေးမြူရေးလုပ်ငန်းမှာ နိုင်ငံတော်အနေဖြင့် အရည်အသွေးမြင့်မားပြီးတော့ ဈေးကွက်ဝင် မျိုးကောင်းမျိုးသန့်များရရှိအောင် တစ်ဖက်မှဆောင်ရွက်ပြီးတော့ ဈေးကွက်ထဲမှာ ကျယ်ကျယ်ပြန့်ပြန့် ထိုးဖောက်နိုင်ရေးအတွက် နိုင်ငံအတွက်စီမံဆောင်ရွက်ပေးမယ်ဆိုလို့ရှိရင်တော့ နိုင်ငံရေးပို့ကုန်လုပ် ငန်းဟာ ငါးအတွက် များစွာထိရောက်နိုင်မှာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ နိုင်ငံ၏ကုန်သွယ်မှုကို မရပ်တန့်စေဘဲနဲ့ ကုန်သွယ်မှုမြင့်မားလာနိုင်အောင်နှင့် ၇၀ ရာခိုင်နှုန်းသော ကျေးလက်မှာနေတဲ့ ပြည်သူတွေရဲ့ စီးပွားရေးဘဝ၊ လူမှုရေးဘဝမြင့်တက်လာဖို့ဆိုလို့ရှိရင်တော့ အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုပါ တစ်ဘက်ကရရှိနိုင်တဲ့ နိုင်ငံရဲ့ အမျိုးသားစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူများ၏ ဗဟိုစိုက်ပျိုးရေးနှင့် တောင်သူများကို ဗဟိုပြုပြီးတော့ အသားထုတ်လုပ်ရေးလုပ်ငန်းနှင့် နှစ်တို၊ နှစ်ရှည်စီမံကိန်းများ ရေးဆွဲပြီးတော့ ဆောင်ရွက်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့နိုင်ငံရဲ့ အမျိုးသားစီးပွားရေးလုပ်ငန်းဟာ အများကြီးဖွံ့ဖြိုးတိုးတက်လာမှာဖြစ်တဲ့အတွက် ကျွန်တော်၏အဆိုကို ဤလွှတ်တော်ကြီးမှ ဆက်လက်ဆွေးနွေးခွင့်ပြုနိုင်ရေးအတွက် လေးစားစွာ တင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးတင်ထွေးတင်သွင်းသွားတဲ့အဆိုအား ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဝင်း(ကြည့်မြင်တိုင်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းဖြစ်ပြီး ဝေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးရဲ့အဆိုကို ထောက်ခံသွားမှာဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်က နိုင်ငံရဲ့အမျိုးသားစီးပွား ဖွံ့ဖြိုးတိုးတက်စေရန် တောင်သူဗဟိုပြုစိုက်ပျိုးရေးနှင့် အသားငါးထုတ်လုပ်ရေးကဏ္ဍကို နှစ်တို၊ နှစ်ရှည်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုဖြစ်ပါတယ်။ ဒီအဆိုက တောင်သူလယ်သမားတွေကို ဘဝအဆင်ပြေချောမွေ့စေလိုတဲ့အတွက် တောင်သူလယ်သမားတွေ စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍကိုလုပ်ကိုင်ခြင်းဖြင့် ထုတ်လုပ်ရေးကဏ္ဍတိုးတက်ဖို့အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ကို တိုက်တွန်းတဲ့အဆိုဖြစ်ပါတယ်။ စီးပွားရေးကဏ္ဍအနေနဲ့ ဝန်ဆောင်မှု(Service)၊ စက်ရုံ၊ အလုပ်ရုံ Manufacturing စိုက်ပျိုးရေး(Agriculture)ဆိုပြီး အကြမ်းဖျင်းသတ်မှတ်ထားလေ့ရှိပါတယ်။ ယေဘုယျအားဖြင့် ဝန်ဆောင်မှုလုပ်ငန်းတွေဟာ အကျိုးအမြတ်ကြီးပြီး စက်ရုံ၊ အလုပ်ရုံတွေကတော့ အလယ်အလတ်ဖြစ်ပါတယ်။ စိုက်ပျိုးရေးကဏ္ဍကတော့ အကျိုးအမြတ်နည်းတဲ့သဘောမှာရှိပါတယ်။ ဒါကြောင့်လည်း တောင်သူလယ်သမားတွေဟာ မိရိုးဖလာလယ်ယာလုပ်ငန်းကို လုပ်ကိုင်ကြရပေမဲ့ အခြေခံလူတန်းစား

နေရာကနေ ယနေ့အထိ ရပ်တည်နေကြရတာဖြစ်ပါတယ်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းတွေကို တွဲဖက်လုပ်ကိုင်နိုင်ပါက တောင်သူလယ်သမားများရဲ့စီးပွားရေးနှင့် လူမှုရေးဘဝ တိုးတက်အောင်မြင်ဖို့မှာ ဧကန်မလွဲဖြစ်ပါတယ်။ စိုက်ပျိုးရေးအတွက် လိုအပ်တဲ့ မြေသြဇာကို မွေးမြူရေးကရနိုင်ပြီးတော့ မွေးမြူရေးအတွက် လိုအပ်တဲ့အစာကို စိုက်ပျိုးရေးလုပ်ငန်းကရနိုင်တာမို့ အပြန်အလှန်အကျိုးပြုတဲ့ လုပ်ငန်းနှစ်ရပ်လည်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပမာ- ဘဲမွေးရင် ခရုနဲ့ အခြားပိုးမွှားအချို့ကို နှိမ်နင်းပြီးဖြစ်သလို စပါးပင်တွေကြား သွားလာလှုပ်ရှားခြင်းဖြင့် ရေကြည်ကိုနှောက်သလိုဖြစ်ပြီး စပါးပင်အတွက် ပိုမိုသန်မာစေမှာဖြစ်ပါတယ်။ ဘဲမွေးမြူရေးကနေ ဘဲဥရရှိခြင်း၊ အသားထုတ်လုပ်ခြင်းဖြင့်လည်း အပိုဝင်ငွေကိုလည်း တစ်ပြိုင်နက်တည်း ရရှိခံစားနိုင်မှာဖြစ်ပါတယ်။ တောင်သူလယ်သမားများ အမှန်တကယ်အကျိုးရှိဖို့ စိုက်ပျိုးရေး၊ မွေးမြူရေးကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ဖို့ နိုင်ငံတော်မှ မြေခ‌ောတ်ခွဲစမ်းသပ်ပေးနိုင်ရန် စီမံပေးခြင်း၊ ပညာပေးအစီအစဉ်များ ပြုလုပ်ပေးခြင်းနှင့် လုံလောက်သောရေ ရရှိအောင် စီမံပေးခြင်းဖြင့် ကူညီပေးဖို့လည်း လိုအပ်လာမှာဖြစ်ပါတယ်။ သို့မှသာ တောင်သူလယ်သမားများရဲ့ စိုက်ပျိုးရေးနဲ့ အသားငါးထုတ်လုပ်ရေးကဏ္ဍကို တိုးမြှင့်ထုတ်လုပ်နိုင်မှာဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူလယ်သမားများအတွက် အမှန်တကယ်ထုတ်လုပ်နိုင်ဖို့ဆိုရင် ထွက်ရှိလာသောထုတ်ကုန်များကို တန်ဖိုးမြှင့်ထွက်ကုန်(Value Added) ဖြစ်အောင် ထုတ်လုပ်နိုင်ခြင်းဖြင့် ဈေးကွက်တည်ငြိမ်မှုနှင့် ခိုင်မာမှုကို အထောက်အကူပြုနိုင်မှာဖြစ်ပါတယ်။ ဥပမာ- ကြက်မောက်သီးစိုက်ပျိုးလုပ်ကိုင်သူတစ်ဦးဟာ မိမိရဲ့ထုတ်ကုန်ဖြစ်တဲ့ကြက်မောက်သီးကို သုံး၊ လေးရက်အတွင်း ဈေးကွက်ကိုတင်ပို့ရောင်းချနိုင်ဖို့ အလွန်အရေးကြီးပါတယ်။ အဲဒီလို မပို့နိုင်ရင်၊ ဈေးကွက်မရှိရင် တစ်နှစ်မှတစ်ခါသာပေါ်တဲ့ ခြံလုပ်ငန်းကမမြတ်ဘဲ အရှုံးတောင်ဖြစ်နိုင်ပါသေးတယ်။ အကယ်၍ နိုင်ငံတော်မှ ကြက်မောက်သီးဆီသွပ်ဗူးလုပ်ငန်းများကို ပေါ်ပေါက်လာအောင် နှစ်တို၊ နှစ်ရှည်စီမံဆောင်ရွက်ပေးနိုင်ပါက စိုက်ပျိုးသူတောင်သူများ စိတ်နှလုံးအေးချမ်းစွာဖြင့် စိုက်ပျိုးနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် တောင်သူလယ်သမားများရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် တောင်သူလယ်သမားများကို ဗဟိုပြု၍ စိုက်ပျိုးရေးနှင့် အသား၊ ငါးထုတ်လုပ်ရေးကဏ္ဍကို နှစ်တို၊ နှစ်ရှည်စီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းတဲ့ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေးရဲ့အဆိုကို လွှတ်တော်ကြီးမှ လက်ခံဆွေးနွေးပေးပါရန် လေးလေးနက်နက် ထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**မှူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနဲ့စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ)နည်းဥပဒေခွဲငယ် ၃ အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဦးတင်ထွေးတင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်ကတင်သွင်းသော နိုင်ငံ၏ အမျိုးသားစီးပွား ဖွံ့ဖြိုးတိုးတက်စေရန် တောင်သူဗဟိုပြုစိုက်ပျိုးရေးနှင့် အသားငါးထုတ်လုပ်ရေးကဏ္ဍကို နှစ်တို၊ နှစ်ရှည်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။

## ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်ကတင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ)နည်းဥပဒေခွဲငယ် ၅ အရ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၉-၅-၂၀၁၉ ရက်(ကြာသာပတေးနေ့)ညနေ(၄)နာရီနောက်ဆုံး ထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန်ဖြစ်ပါတယ်။ သက်ဆိုင်ရာ ပြည်ထောင်စု ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

# အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ ပေးပို့လာသော မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေကြမ်းကို ၁-၃-၂၀၁၉ ရက်နေ့တွင် လက်ခံရရှိပါတယ်။ ကိုယ်စားလှယ်များလေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူကိုလည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးကျော်စိုးလင်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို တင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပေးပို့လာသော မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၂၃-၁-၂၀၁၉ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၁-၃-၂၀၁၉ ရက်နေ့တွင် အမျိုးသားလွှတ်တော်အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးရန် ပေးပို့လာခဲ့ပါတယ်။ မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေကြမ်းအား ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အောက်ပါရည်ရွယ်ချက်များကိုအခြေခံ၍ ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ (က) The Yangon Insolvency Act နှင့် The Myanmar Insolvency Act တို့တွင် လူပုဂ္ဂိုလ်ဆိုင်ရာလူမွဲခံယူခြင်းအတွက် ပြဋ္ဌာန်းခြင်းသာဖြစ်သဖြင့် ခေတ်စနစ်နှင့်လျော်ညီ

စေရန် ရေးဆွဲခြင်း၊ (ခ) နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီစေရန် လူပုဂ္ဂိုလ်ဆိုင်ရာလူမွဲခံယူခြင်း ပြဋ္ဌာန်းချက်များအပြင်၊ ကုမ္ပဏီများ၊ Micro အသေးစားနှင့် အလတ်စားလုပ်ငန်းများအား ပြန်လည်ထူထောင်နိုင်စေရန် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းဆိုင်ရာပြဋ္ဌာန်းခြင်းများအပြင် မြီရှင်နှင့် မြီစားတို့အကြား တရားရုံးပြင်ပတွင် ညှိနှိုင်းမှုများ ညှိနှိုင်းမှုပြုနိုင်သည့် ပြဋ္ဌာန်းချက်များ ထည့်သွင်းထားခြင်း၊ (ဃ) မြီစားများ ပြန်လည်ရှင်သန်နိုင်စေသော အခွင့်အရေးပေးသည့် ပြဋ္ဌာန်းချက်များနှင့် နယ်စပ်ဖြတ်ကျော် လူမွဲမှုခင်းဆိုင်ရာပြဋ္ဌာန်းချက်များ ပါရှိစေရန် ရေးဆွဲထားခြင်းတို့ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၅-၄-၂၀၁၉ ရက်(ကြာသပတေးနေ့)တွင် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်လည်းကောင်း၊ ၂၇-၄-၂၀၁၉ ရက်(စနေနေ့)တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်လည်းကောင်း ညှိနှိုင်းအစည်းအဝေးများ ကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ(၁၂)ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကို စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ချက်များကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးလည်းဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ လေးစားစွာ အစီရင်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ ဥပဒေကြမ်းကော်မတီ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။]

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ၀၅/ပသ (ကမတ-ဥပဒေကြမ်း) ၁/၂၀၁၉-

ရက် စွဲ ၊ ၂ ၀ ၁ ၉ ခု နှစ်၊ ဧပြီ လ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက် ။ အမျိုးသားလွှတ်တော်၏ ၁-၃-၂၀၁၉ ရက်စွဲပါ စာအမှတ်၊ ၁/အမ (ကော်မတီ- ၁) ၁/ ၂၀၁၉- ၁၁၉

၁။ ပြည်ထောင်စု တရားလွှတ်တော်ချုပ်က ပေးပို့သော မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၂၃-၁-၂၀၁၉ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၁-၃-၂၀၁၉ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာဥပဒေကြမ်းအား ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အောက်ဖော်ပြပါ ရည်ရွယ်ချက်များကို အခြေခံ၍ ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) The Yangon Insolvency Act နှင့် The Myanmar Insolvency Act တို့တွင် လူပုဂ္ဂိုလ်ဆိုင်ရာ လူမွဲခံယူခြင်းအတွက် ပြဋ္ဌာန်းခြင်းသာဖြစ်သဖြင့် ခေတ်စနစ်နှင့် လျော်ညီစေရန် ရေးဆွဲခြင်း၊

(ခ) နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီစေရန် လူပုဂ္ဂိုလ်ဆိုင်ရာ လူမွဲခံယူခြင်း ပြဋ္ဌာန်းချက်များအပြင် ကုမ္ပဏီများ၊ မိုက်ခရို၊ အသေးစားနှင့် အလတ်စား လုပ်ငန်းများ ပြန်လည်ထူထောင်နိုင်စေရန်၊ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း ဆိုင်ရာ ပြဋ္ဌာန်းချက်များအပြင် မြီရှင်နှင့် မြီစားတို့အကြား တရားရုံးပြင်ပတွင် ညှိနှိုင်းမှု ပြုနိုင်သည့် ပြဋ္ဌာန်းချက်များ ထည့်သွင်းထားခြင်း၊

(ဃ) မြီစားများ ပြန်လည်ရှင်သန်နိုင်စေသော အခွင့်အရေးပေးသည့် ပြဋ္ဌာန်းချက်များနှင့် နယ်စပ်ဖြတ်ကျော် လူမွဲမှုခင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ ပါရှိစေရန် ရေးဆွဲထားခြင်း။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၅-၄-၂၀၁၉ ရက် ကြာသပတေးနေ့တွင် ပြည်သူ့လွှတ်တော်၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် လည်းကောင်း၊ ၂၇-၄-၂၀၁၉ ရက် စနေနေ့တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့်လည်းကောင်း ညှိနှိုင်းအစည်းအဝေးများ ကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ ပြင်ဆင် အတည်ပြုချက်များကို စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ချက်များကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေကြမ်းကို လွှတ်တော်က အတည်ပြု ပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

ခင်မောင်ဝင်း

ဥက္ကဋ္ဌ

ဥပဒေကြမ်းကော်မတီ

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၁၀-၅-၂၀၁၉ ရက်(သောကြာ နေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ၂၀၁၉ ခုနှစ်၊ မေလ ၁၀ ရက်(သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၁၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၁၁း၁၅ နာရီအချိန်တွင် ရပ်နားပါသည်။]

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ (၈.၅.၂၀၁၉)
ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ



U Thein Swe    Daw Phyu Phyu Thin



U Thein Swe    U Sai Kyaw Moe



U Thein Swe    U Toe Win



Maj Genl Aung Thu    U Kan Myint



Maj Genl Aung Thu    U Saw Ki Kaw



Maj Genl Aung Thu    Daw Khin Hnin Thit

pyithu.hluttaw.mm



Maj Genl Aung Thu



Dr Salai Reran Vel

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်